# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 14 May 2024 ၁၁၄၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ရန်ကုန် မေ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပိဋကတ်သုံးပုံ အာဂုံရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ်စရာ**

**ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်**
စာမျက်နှာ » ၉

**လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဆောင်ရွက်ပေးမည့် နေပြည်တော်အလင်း (သို့မဟုတ်) နေပြည်တော်အပြုံး**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

**၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံ ပြိုင်ပွဲများကျင်းပ**
စာမျက်နှာ » ၁၆

**မုဒုံမြို့နယ်ဒေသထွက် မင်းကွတ်သီးများ စတင် ထွက်ပေါ်၍ ဈေးကောင်းရ**
စာမျက်နှာ » ၁၈

# တည်ငြိမ်အေးချမ်းမှုဖန်တီး ဖွံ့ဖြိုးတိုးတက်မှုမျှဝေခံစား

မြန်မာနိုင်ငံသည် ရေမြေသဘာဝအားဖြင့် ထူးခြားဆန်းကျယ်လှပသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ အထူးသဖြင့် ပြည်နယ်ဒေသများအားလုံးသည် ရေမြေသဘာဝကောင်းမွန်မှုနှင့် တောတောင်ရှုခင်းအလှအပများ တစ်မူထူးခြားကောင်းမွန်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည်။ သို့သော် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ဖျက်ဆီးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးလျက်ရှိသည်။

ပြည်နယ်ဒေသများသည် အများအားဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေဒေသ ထိစပ်လျက်ရှိသောကြောင့် ကူးသန်းသွားလာမှုနှင့် စီးပွားကုန်သွယ်မှုတို့ကို များစွာအထောက်အကူပြုလျက်ရှိသည်။ ရေမြေသဘာဝကောင်းမွန်မှုကြောင့် ကောက်ပဲသီးနှံနှင့် သယံဇာတပစ္စည်းများ အလျှံပယ်ပေါ်ကြွယ်ဝသဖြင့် ဒေသထွက်ကုန်ပစ္စည်းများ တိုးတက်ထွက်ရှိရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များ ကြိုးပမ်းထုတ်လုပ်ကြရမည်ဖြစ်သည်။ ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တိုးတက်ထွက်ရှိအောင် ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်နယ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ကြန့်ကြာခက်ခဲမှုများရှိသဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပို့ဆောင်ရေးကို အဓိကအားပြုနိုင်သဖြင့် ပြည်နယ်ဒေသများရှိ လေဆိပ်များ အဆင့်မြှင့်တင်ရေးကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ပူတာအိုလေဆိပ်၊ ရှမ်းပြည်နယ်တွင် ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုးလေဆိပ်တို့ အဆင့်မြှင့်တင် ဖွံ့ဖြိုးခြင်းဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများ ဝင်ရောက်နိုင်မည်ဖြစ်သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် လေဆိပ်များအဆင့်မြှင့်တင်နိုင်မှုသည် အဓိကဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာတို့ကို ပိုင်ဆိုင်ထားပြီးဖြစ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်နိုင်သည်။ သာယာလှပရှုမောဖွယ်ကောင်းသော ပြည်နယ်ဒေသများသို့ ပြည်တွင်း/ပြည်ပမှခရီးသွားများ လာရောက်လည်ပတ်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုပိုမိုဖြစ်ပေါ်စေပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ သာယာလှပရေး၊ တည်းခိုနေထိုင်ရေး၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ဒေသတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတူပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။

သို့သော် နယ်စပ်ဒေသ ပြည်နယ်ဒေသအချို့သည် ရှေးယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်သတင်းထွက်ခဲ့ဖူးသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ခဲ့ကြသည်။ လက်နက်ကိုင်သောင်းကျန်းသူများနှင့် ပတ်သက်မှုများရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် အမျိုးသားရေးတာဝန်တစ်ရပ်သတ်မှတ်ပြီး တိုက်ဖျက် တားဆီးနှိမ်နင်းခဲ့သည်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် နယ်မြေဒေသမတည်ငြိမ်မှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ အမြစ်ပြတ်မှုမရှိသေးပေ။ လက်ရှိကာလတွင် ဒေသတွင်း၌ မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး အရှိန်အဟုန်မြှင့်တင်တိုက်ဖျက်လျက်ရှိသည်။ အလားတူ အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက ထိထိရောက်ရောက် တိုက်ဖျက်နှိမ်နင်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသပြည်နယ်များအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသအကျိုးအတွက် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသပြည်နယ်များအပါအဝင် ဒေသတွင်းရှိကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများကို မျှဝေခံစားနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသူအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နိကာယ်စာမေးပွဲကျင်းပမည်

နေပြည်တော် မေ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၄ ခုနှစ် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁ ရက်မှ ၅ ရက်အထိ (၂၀၂၄ ခုနှစ် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၁၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၄-၂၀၂၅ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၅၁၂ | ၄,၄၅၄,၆၀၀ |
| MTSH | ၂,၉၅၀ | ၂,၈၅၀ | ၁,၂၃၈ | ၃,၅၉၁,၈၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၁၅၁ | ၂၃၃,၁၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆ | ၁၆,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၀၂ | ၈၅၃,၁၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၂,၁၅၀ | ၂,၂၀၀ | ၁,၀၀၉ | ၂,၁၈၀,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

✪ ရွှေဖုံးမှ

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ**

**ခံယူဆောက်တည်**

ဦးစွာ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှူးပြုသောဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော် မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကတ်သုံးပုံ အာဂုံရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရနှင့် မူလအဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဇနိန္ဒတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် မူလအဘိဓမ္မိက အောင်မြင်တော် မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပဏ္ဍာဝါလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ မူလအဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပဏ္ဍာဝါလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

အာစာရာလင်္ကာရနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မူလအဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် သုံးပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ကိုးပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ငါးပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၃၁ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၅၁ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် **စာမျက်နှာ ၄ သို့ »»**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၃ မှ
ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ၎င်းတို့၏ ဇနီးများနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော် မူကြသည့် သာသနဒ္ဓဇအာဇာနည် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ သာသနဒ္ဓဇအာဇာနည်အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိက ငါးပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရသာသနဒ္ဓဇအာဇာနည် အရှင်မြတ် သုံးပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ဘွဲ့ရ သာသနဒ္ဓဇအာဇာနည်အရှင်မြတ် ကိုးပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒဘွဲ့ရ သာသနဒ္ဓဇအာဇာနည်အရှင်မြတ် ငါးပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ သာသနဒ္ဓဇအာဇာနည် အရှင်မြတ် ၃၁ ပါး၊ ဝိနည်း(ပထမပိုင်း) ရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒဘွဲ့ရသာသနဒ္ဓဇအာဇာနည် အရှင်မြတ် ခုနစ်ပါး၊ ဝိနည်း(ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရသာသနဒ္ဓဇအာဇာနည် အရှင်မြတ် ၅၁ ပါး စုစုပေါင်း ၁၁၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အထိ ၇၆ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်ရသာသနဒ္ဓဇအာဇာနည် အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကို ရရှိပြီး၍ ငါးနှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်က ဆက်ကပ်သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်ကြီး ၁၄ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ တိပိဋကဓရ ပိဋကသုံးပုံ အာဂုံဆောင် သာသနဒ္ဓဇအာဇာနည်အရှင်သူမြတ် ငါးပါးလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒ္ဓဇအာဇာနည် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာမည့် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဒ္ဓဇအာဇာနည် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေး ဦးစီးချုပ် ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ် လှူဒါန်းစဉ်။

## မှော်ဘီမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်



ရန်ကုန် မေ ၁၃

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ အမှတ်စဉ်(၂/၂၀၂၄-၂၀၂၅) သင်တန်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အခမဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အဆိုပါသင်တန်းကို မေ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲတွင် မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်(၂) ဦးဝင်းစိုးတို့က အဖွင့်အမှာစကားများပြောကြားခဲ့ကြပြီး မှော်ဘီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ လက်သန့်ဆေးရည်အမျိုးမျိုး၊ ဓာတုပစ္စည်းများနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ Packaging နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ GMP၊ GHP အကြောင်းအရာများ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်အမှတ်တံဆိပ်တွင် ဖော်ပြရမည့်အချက်အလက်များအကြောင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇင်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မိန့်ကြားချီးမြှင့်တော်မူသော သာရဏီယသြဝါဒကထာ

**စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား–**

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အသုရဝဂ်နှာ(၄၀၉)၌လာသော ခိပ္ပနိသန္တိသုတ်တော်၌–


**စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ကတမေ စတ္တာရော အတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ ပရဟိ တာယ ပဋိပန္နော နော အတ္တဟိတာယ၊ နေဝတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ အတ္တဟိတာယ စေဝ ပဋိပန္နော ပရဟိတာယ စ။**

(၁) မိမိအကျိုးစီးပွားအလို့ငှာသာကျင့်၍သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ်၊

(၂) သူတစ်ပါးအကျိုးစီးပွားအလို့ငှာသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ်၊

(၃) မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့် သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သောပုဂ္ဂိုလ်၊

(၄) မိမိအကျိုးစီးပွားအလို့ငှာလည်း ကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း ကျင့်သောပုဂ္ဂိုလ်–



ဟူ၍ ပုဂ္ဂိုလ်လေးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။ထိုလေးမျိုးတို့တွင်–

(၁)အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရ ဆောင်နိုင်သောသဘောရှိ၏၊ နှုတ်တက်အရဆောင်ထားသော တရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာလည်း ကျင့်၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကားမပြည့်စုံ၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာသာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက်တတ်မြောက်အောင် သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်း၊ သာမဏေများကို စာပေသင်ကြားပို့ချမှု မရှိခြင်း၊ ရဟန်း ရှင် လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကို မဟောကြားခြင်း၊ သာသနာတော်၏ အနှစ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် ရဟန်းရှင်လူတို့အား သင်ကြားပြသမှု မရှိခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို မပြုလုပ်ခြင်းတို့သည် ပထမပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၂)အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာ မရှိ။ ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရ ဆောင်နိုင်သောသဘောမရှိ၊ နှုတ်တက်အရဆောင်ထားသောတရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့မရှိ၊ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့မရှိ။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကား ပြည့်စုံ၏၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြား ပြသဆောက်တည်စေခြင်းငှာ စွမ်းနိုင်၏၊ ထိုသူသည် သူတစ်ပါးအကျိုးစီးပွားအလို့ငှာသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ် မည်ပါသည်။ ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက်တတ်မြောက်အောင် မသင်ကြားနိုင်သော်လည်း စကားပြောကောင်း တရားဟောကောင်း၍ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင် မိမိတတ်ထားသမျှ ဟောပြောပြသနေသောပုဂ္ဂိုလ်များသည် ဤဒုတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၃) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်ပညာမရှိ။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာကျင့်လေ့မရှိ၊ ကောင်းသောစကား၊ ကောင်းသောအသံနှင့်လည်းမပြည့်စုံ၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင်မသင်ကြား၊ စကားကိုလည်း သူတစ်ပါးနားဝင်အောင်မပြောတတ်၊ တရားလည်း မဟောတတ်၊ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင်လည်း မစွမ်းဆောင်သောပုဂ္ဂိုလ်များသည် ဤတတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၄) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်လည်း ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှာစွမ်းနိုင်၏။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာလည်းကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း ကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင် သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်းသာမဏေများကို စာပေသင်ကြားပို့ချခြင်း၊ ရဟန်းရှင်လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကို ဟောကြားခြင်း၊ သာသနာတော်၏အနှစ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် ရဟန်း ရှင် လူတို့အား သင်ကြားပြသမှုရှိခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုလုပ်အားထုတ်ခြင်းတို့သည် ဤစတုတ္ထပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

**တိပိဋကစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား–**

ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်အောင် ကြိုးစားအားထုတ်တော်မူကြပြီးလျှင် မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားစည်ကားတိုးတက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် ရဟန်းသာမဏေငယ်များကို ပရိယတ္တိစာပေ သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ရဟန်းရှင်လူအပေါင်းတို့အား ထေရဝါဒပိဋကတ်တော်များနှင့်အညီ တရားဓမ္မဟောပြတော်မူကြ၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော ပဋိပတ်အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသတော်မူကြ၍လည်းကောင်း၊ သာသနာပြုလုပ်ငန်းများကို စွမ်းအားရှိသမျှ ကြိုးစားအားထုတ်တော်မူကြ၍လည်းကောင်း ခိပ္ပနိသန္တိသုတ်လာ ပုဂ္ဂိုလ်လေးမျိုးတို့အနက် စတုတ္ထပုဂ္ဂိုလ်မျိုးတွင်ပါဝင်သော သာသနာ့အာဇာနည် ဂုဏ်ရည်ထူးချွန်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြလိမ့်မည်ဟု ယုံကြည်ကိုးစားအားထားလျက်ရှိကြပါသည်။

အရှင်မြတ်တို့ကလည်း ခိပ္ပနိသန္တိသုတ်၌ မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် အတ္တဟိတ ပရဟိတ ပဋိပန္နစတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားအားထုတ်တော်မူကြပါ၊ နိုင်ငံတော်အစိုးရအမှူးပြုသည့် ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း သာသနာ့အာဇာနည်အရှင်မြတ်တို့ ရွှင်လန်းချမ်းမြေ့စွာ သာသနာပြုနိုင်ကြစေရန် ပစ္စည်းလေးပါးထောက်ပံ့ကြလျက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးအားထုတ်ကြပါဟု တိုက်တွန်းလျက် သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။

## တတိယအကြိမ် အခမဲ့ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသ

**ရန်ကုန် မေ ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ၏ ကြီးကြပ်မှုဖြင့် တတိယအကြိမ် အခမဲ့ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဟိန္ဒူ) က ပံ့ပိုးလှူဒါန်းပြီး ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့က စီစဉ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

တတိယအကြိမ် စက္ခုဒါန မျက်စိအလင်းရရှိနိုင်ရေးအတွက် မျက်စိဝေဒနာရှင် ၁၄၄ ဦးကို တောင်ဒဂုံမြို့နယ် ရတနာမျက်စိဆေးရုံ၌ မေ ၉ ရက် နံနက်ပိုင်းတွင် စမ်းသပ်စစ်ဆေးခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူရမည့် မျက်စိဝေဒနာရှင် ၅၄ ဦး တွေ့ရှိခဲ့ရသည်။



အဆိုပါ ခွဲစိတ်ကုသရမည့် မျက်စိဝေဒနာရှင်များအနက် မေ ၁၂ ရက် တွင် ၄၄ ဦး၊ မေ ၁၃ ရက်တွင် ၁၀ ဦး ခွဲစိတ်ကုသရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးနှင့် ဗဟို၊ တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်များမှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

ထိုနေ့များတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟို (ဟိန္ဒူ) အလုပ်အမှုဆောင် ဦးဝင်းထွန်းနှင့် ဟိန္ဒူအဖွဲ့ဝင်များက နံနက်စာ လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# MSME လုပ်ငန်းမှ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မိမိဒေသ၌ရောင်းချနိုင်ရေးဦးမတည်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ပြည်ပပို့ကုန်အမယ်သစ်များ ထုတ်လုပ်တင်ပို့နိုင်ရေး အဓိကဦးတည်ချက်ထားပြီး စီမံဆောင်ရွက်

**ရန်ကုန် မေ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေမှ လုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးထားရှိမှု၊ MSME Member Card များ ထုတ်ပေးထားရှိမှု၊ သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြည်သူ့လုံခြုံရေး ကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု စသည့်အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကျင်းပပြုလုပ်မည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူများအား စနစ်တကျစိစစ်ရွေးချယ် ဆောင်ရွက်နေမှု အခြေအနေများ၊ ပန်းခင်းစီမံချက်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တင်ပြချက်များအရ စိုက်ပျိုးရေးလုပ်ငန်းတွင် နွေစပါးစိုက်ပျိုးမှုတွင် မျိုးစေ့ချကိရိယာ(Seeder)ကို အသုံးပြု၍ စိုက်ပျိုးရာတွင် အထွက်နှုန်းပိုမိုကောင်းမွန်မှုရရှိသည်ကို တွေ့ရှိရသဖြင့် နည်းစနစ်မှန်ကန်စွာဖြင့် အထွက်နှုန်းကောင်းအောင် အသိပညာပေးပြီး အောင်မြင်အောင် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူအားလုံးအတွက် မိမိတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိမှုများဖြင့် ဖူလုံအောင်ဆောင်ရွက်သွားရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားကြောင်း၊ အဆိုပါလမ်းညွှန်ချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများက တင်သွင်းရန် မလိုအပ်သည်အထိ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းအောင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

**ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဥစားကြက်၊ အသားတိုးကြက်များကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားရှိမှုကိုကြည့်ပါက အကောင်ရေ ၁၇ သန်းမှ သန်း ၂၀ နီးပါးအကြား တွေ့ရှိရကြောင်း၊ အဆိုပါမွေးမြူထားရှိမှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုစရိတ် လျှော့ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အစာစပ်စက်ရုံများ တည်ဆောက်၍ ကိုယ်တိုင်အစာထုတ်လုပ်သည့်စနစ်ဖြင့် ဆောင်ရွက်ပါက အစာဈေးနှုန်း ကုန်ကျစရိတ်မှာ ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းခန့် သက်သာနိုင်သည့်အပြင် မိမိကိုယ်တိုင်ထုတ်လုပ်သဖြင့် လိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက်နိုင်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် မှီခိုစရာမလိုသည့်အပြင် ဥတစ်လုံးချင်း ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြက်၊ ဝက်၊ ငါး၊ ကျွဲ၊ နွား အစာများ ကိုယ်တိုင်အစာစပ်စက်ရုံတည်ဆောက်ထုတ်လုပ်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှထောက်ပံ့ပေးသည့် ၈ ဘီလီယံအပေါ် လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေပမာဏသည် ၇ ဒသမ ၅ ဘီလီယံကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါထုတ်ချေးထားသည့် ချေးငွေများသည် လုပ်ငန်းအမှန်တကယ်လည်ပတ်မှုရှိရန်လိုကြောင်း၊ ချေးငွေချေးရာတွင် ကာလတိုချေးငွေ၊ ကာလလတ်ချေးငွေနှင့် နှစ်ရှည်ချေးငွေများရှိပြီး ချေးငွေများအပေါ်မူတည်၍ ချေးယူထားသည့် လုပ်ငန်းရှင်များကလည်း လုပ်ငန်းများ မှန်မှန်ကန်ကန် အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ချေးငွေရယူ၍ ဆောင်ရွက်နေသည့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ မျက်ခြည်မပြတ် သိရှိနိုင်ရေးစစ်ဆေးသွားရန်လိုကြောင်း၊ ထိုသို့လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်မှသာ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ပြီး အဆိုပါရရှိသည့်ငွေများကို ထပ်မံ၍ အခြားသောငွေကြေးလိုအပ်ချက်ရှိသည့် လုပ်ငန်းများသို့ ထပ်မံချေးငွေများ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်ပတ်သက်၍ စာရင်းဇယားများအရမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၀နှစ်တွင် တစ်ကြိမ်သာကောက်ယူသည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာ ကောက်ယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သန်းခေါင်းစာရင်းကောက်ယူခြင်းသည် ဆန္ဒမဲပေးခြင်းနှင့် မတူညီကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့် သက်ဆိုင်ပြီး သန်းခေါင်စာရင်းမှန်ကန်စွာ ကောက်ယူနိုင်မှုသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ အဆိုပါစာရင်းဇယားများ မှန်ကန်မှသာ မိမိနိုင်ငံ၏ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း လိုအပ်သလို စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

မကြာမီ မိုးရာသီရောက်ရှိလာမည်ဖြစ်သည့်အတွက် မိုးကြိုကာလဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာမြို့နယ်များအလိုက် ကြီးကြပ်၍ လျာထားချက်နှင့်ပြည့်မီအောင် ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် မိုးရာသီတွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ရောဂါများ အတတ်နိုင်ဆုံး **စာမျက်နှာ ၇ သို့** ❖

- **နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ၈ ဘီလီယံ အပေါ် လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေပမာဏသည် ၇ ဒသမ ၅ ဘီလီယံကျော် ရှိသည်ကို တွေ့ရှိရ**
- **အဆိုပါထုတ်ချေးထားသည့် ချေးငွေများသည် လုပ်ငန်းအမှန်တကယ်လည်ပတ်မှု ရှိရန်လို**
- **ချေးငွေချေးရာတွင် ကာလတိုချေးငွေ၊ ကာလလတ်ချေးငွေနှင့် နှစ်ရှည်ချေးငွေများ ရှိပြီး ချေးငွေများအပေါ်မူတည်၍ ချေးယူထားသည့် လုပ်ငန်းရှင်များကလည်း လုပ်ငန်းများ မှန်မှန်ကန်ကန်အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ချေးငွေရယူ၍ ဆောင်ရွက်နေသည့်လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ မျက်ခြည်မပြတ် သိရှိနိုင်ရေးစစ်ဆေးသွားရန်လို**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှု အားပေး စကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူ များက ကြိုဆိုနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင် များသည် ဆေးရုံတွင် တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေ အနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှု အခြေ အနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာ များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ သည်။ ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ် (ကြည်း)သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်း အဝေးခန်းမ၌ တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု အောက် တပ်နယ်များမှ တပ်မှူး များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နယ်မြေဒေသလုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာ များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) အတွင်း ကြည့်ရှု စစ်ဆေးစဉ်။

---

❖ စာမျက်နှာ ၆ မှ

ဖြစ်ပွားမှုမရှိစေရေး မပြတ်စီမံဆောင်ရွက်ကြရန်လို ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းများအားလုံးဖွင့်လှစ် သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ် ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ် သော ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင် ရေးနှင့် အတန်းစဉ်မပြတ် တက်ရောက်ပညာသင်ကြား နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး လုံလုံခြုံခြုံ ဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ၍ စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စားသုံးဆီဖူလုံရေးအတွက် နေကြာနှင့် အခြားဆီထွက် သီးနှံများကိုလည်း စနစ်တကျစိုက်ပျိုးသွားရန်လို ကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပို၍ ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ပိုင်တစ်နိုင် မှ အလယ်အလတ်အဆင့်ထိ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ကိုလည်း သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများနှင့်ချိတ်ဆက်၍ ဆောင်ရွက်မှုကြောင့် ဝင်ငွေများ ရရှိလျက်ရှိရာ ယခုထက်ပို၍ တိုးတက် အောင်မြင်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းမှ စားကုန်၊ သောက်ကုန်၊ လူသုံးကုန် ပစ္စည်းများအား မိမိဒေသ၌ ရောင်းချနိုင်ရေး ဦးမတည်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ သည့် ပြည်ပပို့ကုန်အမယ်သစ်များဖြင့် ထုတ်လုပ် တင်ပို့နိုင်ရေးကို အဓိကဦးတည်ချက်ထားပြီး မူဘောင် အတွင်းမှ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသ ကြီးအတွင်း လစ်ဟာမှုမရှိစေရန် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ပြည်သူအပေါ် မလိုလား အပ်သည့် အနိုင်ကျင့်မှုများ၊ အဓမ္မငွေကြေးကောက်ခံ မှုများ မပြုလုပ်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အထူးကြပ်မတ်၍ ဥပဒေဘောင်အတွင်းမှ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းမှုနှင့် ပတ်သက်၍ ဥပဒေများထုတ်ပြန်ပြီး ဥပဒေဘောင် အတွင်းမှ ဆောင်ရွက်နေမှုများအပေါ် တည်ငြိမ် အေးချမ်းမှုကို ပျက်စီးလိုသည့် ပြည်ဖျက်မီဒီယာ အချို့က ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့် လျက်ရှိသည်ကို တွေ့ရှိရပြီး မိမိတို့အနေဖြင့် သတ်မှတ် ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတိုင်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏စီးပွားရေး မြို့တော်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အကူဖြစ် စေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွား ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်နိုင်ငံ တော်မှခွဲဝေပေးသည့် ဘတ်ဂျက်ဖြင့်သာ မရပ်တည် ဘဲ မိမိတိုင်းဒေသကြီး၏ ရှာဖွေရရှိသည့် ဘတ်ဂျက် ဖြင့် ရပ်တည်နိုင်သည်အထိ အဆင့်လိုက် အစီအမံ ကောင်းများ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ် ကြောင်းနှင့် စီးပွားရေးဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်း မှုမရှိစေရေး၊ ရေ၊ မီး၊ အလုပ်သမားစသည့် ကိစ္စရပ် များကိုလည်း ချမှတ်ထားသည့် မူဘောင်အတွင်းမှ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် ပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးဆွေးနွေး



ရန်ကုန် မေ ၁၃

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း စတူဒီယို(၁)၌ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးပေးစေလို**

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းနှင့် ပတ်သက်၍ တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်နည်းလမ်းများနှင့် မည်သို့ညှိနှိုင်းပေးရမည်ဆိုသည်ကို ဆွေးနွေးပေးစေလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် တီထွင်ဖန်တီးမှုပိုင်းအနေဖြင့် ပရိသတ်ကြိုက်နှစ်သက်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်လာသည်ကို တွေ့ရပါကြောင်း။

ယင်းသို့ရိုက်ကူးထုတ်လုပ်ထားသည့် ဇာတ်ကားများကို ပရိသတ်ဆီသို့ ရောက်ရှိအောင် ရုံတင်ပြသမှုအပိုင်းကလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးအရ ရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် ရောင်းချခဲ့ချိန်တွင် ရုပ်ရှင်ရုံများကို ရုပ်ရှင်လုပ်ငန်း ပြန်လည် လုပ်ကိုင်ရမည်ဟု Condition ပါရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ရောင်းချထားသည့် အချို့သော ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းကို ခေတ်အဆက်ဆက် ပုံစံအမျိုးမျိုးဖြင့်ဆောင်ရွက်ခဲ့ရာ ရုံရက်ချိတ်စနစ်၊ ဝင်ငွေအချိုးအစား ခွဲဝေမှုစနစ်တို့ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ထုတ်လုပ်သူ၊ ရုံပိုင်ရှင်နှင့် ရုံရက်ချိတ်သူတို့ပါဝင်သော "ရုံရက်ချိတ်ပြသရေးကော်မတီ"ဖွဲ့စည်း၍ ဆင်ဆာခွင့်ပြုချက် အမှတ်စဉ်အလိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ပါဝင်ဆောင်ရွက်မှုမရှိခဲ့ပါကြောင်း။

ယခုအခါ ရုံတင်ပြသရန် ရုပ်ရှင်ဇာတ်ကားများ တန်းစီနေသည့်အတွက်ကြောင့် ပိုမိုကောင်းမွန်သော ပြသရေးစနစ်ဖြစ်ပေါ်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလမတိုင်မီ ရုပ်ရှင်ရုံ ၁၈၂ ရုံ၊ ပိတ်ကား ၂၀၇ ခု ရှိခဲ့ပါကြောင်း၊ ကိုဗစ်ကာလပြီးနောက် ရုပ်ရှင်ရုံ ၃၆ ရုံဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့အချိန်တွင် ရုပ်ရှင်ရုံ ၉၀ အထိ တိုးမြှင့်ရုံတင်ပြသနိုင်ခဲ့ကာ မြန်မာဇာတ်ကား ၆၈ ရုံအထိ ပြသနိုင်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအနေဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ရုပ်ရှင်ရုံများ စတင်ဖွင့်လှစ်ခဲ့စဉ်က ရုံတင်ပြသမည့် ဇာတ်ကားနည်းခဲ့သည့်အတွက် ဇာတ်ကားများ ရုံတင်ပြသနိုင်ရေး တွန်းတွန်းတိုက်တိုက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယင်းအချိန်တွင် ရုံတင်ပြသမည့်ဇာတ်ကား ရှားပါးသဖြင့် ရုံတင်ပြသမည့် ကြော်ငြာစရိတ်ကိုပင် ပြန်လည်ရရှိရန် ခက်ခဲခဲ့ပြီး ရုပ်ရှင်ရုံလုပ်ငန်းရှင်များရော၊ ထုတ်လုပ်သူများပါ ထိခိုက်နစ်နာမှုများရှိခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ပုံမှန်အခြေအနေဖြစ်လာခဲ့ပြီး ရုံစတင်ဖွင့်လှစ် ပြသချိန်က အနစ်နာခံ ပြသပေးခဲ့သည့် ထုတ်လုပ်သူများကို ရုပ်ရှင်ရုံပိုင်ရှင်များက ဦးစားပေးပြသပေးခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ရုံတင်ပြသရာတွင် ရုပ်ရှင်ရုံပိုင်ရှင်များအနေဖြင့်ရော ထုတ်လုပ်သူများအနေဖြင့်ပါ နှစ်ဖက်အကျိုးစီးပွားကိုငဲ့ညှာပြီး စဉ်းစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထုတ်လုပ်သူများက ဇာတ်ကားများကို ရင်းနှီးမြှုပ်နှံပြီး ရိုက်ကူးထားသည့် ငွေကြေးများ ပြန်လည်ရရှိနိုင်ရေး ရုံတင်ပြသခြင်းနည်းလမ်းကို မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ရုံပိုင်ရှင်များ အနေဖြင့် ဇာတ်ကားများ ရုံတင်ပြသနိုင်ရေးကိစ္စများအတွက် ထုတ်လုပ်သူများကို အကျပ်ကိုင်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်းများ မဆောင်ရွက်စေလိုဘဲ မျှမျှတတဖြစ်စေလိုပါကြောင်း၊ ထို့အတူ ထုတ်လုပ်သူများဘက်ကလည်း အမှန်တကယ် ပရိသတ်ကြိုက်ဖြစ်စေမည့် ဇာတ်ကားများကို ရိုက်ကူးပြီး ဝင်ငွေကောင်းမည့် ဇာတ်ကား၊ ရုံပိုင်ရှင်များက ရွေးချယ်နိုင်မည့် ဈေးကွက်ဝင်မည့် ဇာတ်လမ်းကောင်းများကို ရိုက်ကူးကြရမည်ဖြစ်သလို မိမိနိုင်ငံ၏ စံနှုန်းများဖြစ်သည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်း၊ မြန်မာ့အမွေအနှစ်များပါရှိသည့် မိမိနိုင်ငံအပေါ် ကမ္ဘာက အသိအမှတ်ပြုမည့် ဇာတ်ကားများကိုလည်း ရိုက်ကူးကြစေလိုပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ဖြစ်ပေါ်နေသည့်အခက်အခဲများကို မည်သို့ကျော်ဖြတ်ကြမည်ကို စုပေါင်းစဉ်းစားဆောင်ရွက်ကြရန်လိုပါကြောင်း၊ ရုံတင်ပြသရေးပိုင်းအပြင် ရုပ်ရှင်ကားများကို ရိုက်ကူး၍ အွန်လိုင်းပေါ်တွင် ရောက်ရှိနေမှုများရှိနေသည်ဟု သိရပါသဖြင့် တားဆီးရန် နည်းလမ်းရှာဖွေသင့်ပါကြောင်း၊ ရုံပိုင်ရှင်များအနေဖြင့်လည်း မိမိရုံများတွင် ပြသသည့်ကားများကို ယခုလို ခိုးကူးမခံရအောင် စစ်ဆေးမှုများ၊ တားဆီးမှုများ၊ စောင့်ကြည့်မှုများ အထူးလိုအပ်ပါကြောင်း။

ရုပ်ရှင် ထုတ်လုပ်ရေးများ အနေဖြင့်လည်း တစ်လတွင် ရုံတင်နိုင်သည့် အရေအတွက်နှင့် တစ်နှစ်တွင် ရုံတင်ပြသနိုင်သည့် အရေအတွက်ကို ချင့်ချိန်၍ ရိုက်ကူးသင့်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများကို ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ ကုစားနိုင်ရန် ချေးငွေများထုတ်ချေးပေးခဲ့သလို ချေးငွေပြန်ဆပ်ရမည့် ကာလအား တိုးမြှင့်ပေးခဲ့ခြင်း၊ နိုင်ငံပိုင် ရုပ်ရှင်ရုံများအတွက် ရုံငှားရမ်းခ ကင်းလွတ်ခွင့်ပေးခြင်း၊ ရာခိုင်နှုန်းတစ်ခုသာ ပေးသွင်းစေခြင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရုံပိုင်ရှင်များအနေဖြင့် ဇာတ်ကားများ ရွေးချယ်ရာတွင် ပရိသတ်အကြိုက် ဇာတ်ကားများ ရွေးချယ်မှုများပြီး အနုပညာဖန်တီးမှု၊ မိမိနိုင်ငံယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာမြောက်ဖန်တီးမှု ဇာတ်ကားများကို ပရိသတ်ကြိုက်မှု အားနည်းသည်ဟုယူဆပြီး ရုံတင်ရန် ရွေးချယ်မှုမရှိသည်ကိုလည်း ဝေဖန်သံများကြားနေရသည့်အတွက် အဖြေရှာကြရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် စီးပွားရေးတစ်ခုတည်း မတွက်စေဘဲ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ ရုပ်ရှင်လောကအတွက် မျှမျှတတစဉ်းစားပြီး အားလုံးအကျိုးရှိမည့် ရုံတင်ပြသရေးစနစ်ဖြစ်စေချင်ပါကြောင်း။

**ရုပ်ရှင်လောက တိုးတက်မှုကို ပြသနေ**

နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုး၊ ဓလေ့ထုံးတမ်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးများကို အထောက်အကူပြုသည့်ကားများ ရိုက်ကူးပြသရန် လိုလားလျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ပိုမိုရုံတင်ပြသနိုင်ခဲ့သည့်အတွက် ထုတ်လုပ်သူများ၊ ဒါရိုက်တာများ အနေဖြင့် ကြိုးစားရိုက်ကူးကြသဖြင့် ဇာတ်ကားအရည်အသွေးများ ကောင်းမွန်လာခြင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရန် ရွေးချယ်ရာတွင်လည်း မျိုးဆက်သစ်လူငယ်များပါ ပါဝင်လာခြင်းများက ရုပ်ရှင်လောက တိုးတက်မှုကို ပြသနေခြင်းဖြစ်သည်ဟု ဆိုချင်ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကား ဖန်တီးထုတ်လုပ်သူများ၏ အနုပညာဖန်တီးမှုများကို ရုပ်ရှင်ကြည့်ပရိသတ်များ လတ်ဆတ်စွာကြည့်ရှုနိုင်ရန် ရုံတင်ပြသမှုကို မည်သို့စီစဉ်ကြမည်၊ ယခင်က ရိုက်ကူးထားသည့်ကားများကို မည်သို့ရုံတင်ပြသကြမည်ကို အကြံဉာဏ်များ ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၇ / ၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မေ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၇/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ တို့တွင် တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီး ဦးလွင်ဦးက နေပြည်တော်၌ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးသူ အစိုးရဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များကို ပိုမိုလေ့လာနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၇/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် တန်းခွဲနှစ်ခုဖြင့် မေ ၁၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာ ဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေများ၊ စီးပွားရေးဆိုင်ရာများ၊ အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် လူမှုဘဝမြှင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူကာ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးများနှင့် Mobile Team များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (Passport) ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်းမရှိသည့် UID နံပါတ်အတုများ အသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာအသိအမှတ်ပြု ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် (Passport) ၏ ကိုယ်ရေးအချက်အလက်များအပေါ်မူတည်၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကို ပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်အား Random ဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့် ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ် ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီး ပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ်ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကျမ်းစာအုပ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ သွားရောက်စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပိဋကတ်သုံးပုံ အဋ္ဌကထာ ၅၁ အုပ်အား မူလခဲစာလုံး စာစီဆင့်မှုမှ ခေတ်မီကွန်ပျူတာစာစီမှု ပြည်ထောင်စုဖောင့်ဖြင့် ပြောင်းလဲပြင်ဆင်စိစစ်ရာတွင် ပထမဦးစွာ စိစစ်တည်းဖြတ်ပြီးဖြစ်သော ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပထမတွဲ)ကို စတင်၍ ပုံနှိပ်စက်တင်ရိုက်နှိပ်နေမှု၊ ပါဠိပထမပြန်စာမေးပွဲများ ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်များအား နှစ်စဉ်ဆက်ကပ်ချီးမြှင့်လှူဒါန်းသည့် စာအောင်ဆုကျမ်းရစ်မျိုး၊ ဘွဲ့တံဆိပ်တော်များ၊ ဝိနည်းဓိုရ်ကျမ်းစာအုပ်များ၊ ပိဋကတ်သုံးပုံမြန်မာပြန် ၃၂ အုပ်တွဲနှင့် ဗုဒ္ဓဝင် (၆-တွဲ၊ ၈-အုပ်) ရိုက်နှိပ်ချုပ်လုပ်နေမှုနှင့် ပဋ္ဌာန်းပါဠိတော် ငါးကျမ်းတွဲ ရိုက်နှိပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်လျက်ရှိသော ကျမ်းစာအုပ်အမျိုးမျိုးနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆဋ္ဌသင်္ဂါယနာမူအတိုင်း လိုက်နာဆောင်ရွက်ရေး၊ စာဖြေသံဃာတော်များ လိုအပ်သော ကျမ်းစာအုပ်များ အဆက်မပြတ် ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ရေး၊ ကျမ်းစာအုပ်များနှင့် စာအုပ်အမျိုးမျိုးဆောင်ရွက်ရာတွင် အရည်အသွေးချုပ်လုပ်မှုသပ်ရပ်ကောင်းမွန်ခိုင်ခံ့စေရေး၊ လိုအပ်သောစာအုပ်များကို အရည်အသွေးကောင်းမွန်စွာ အရေအတွက်များများနှင့် မှန်မှန်ကန်ကန်ထုတ်ဝေနိုင်ရေး၊ မိမိဌာနရှိပြီးဖြစ်သော ပုံနှိပ်စက်နှင့် စက်ပစ္စည်းများအားလုံး အဆက်မပြတ် အသင့်အနေအထားဖြင့် ရိုက်နှိပ်ဖြတ်တောက်ချုပ်လုပ်နိုင်ရေးအဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် သာသနာတော်ဆိုင်ရာ အခမ်းအနားများ၊ သံဃာတော်များ၏ စာမေးပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကာလများအလျောက် အချိန်မီဆောင်ရွက်ပေးနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာအလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေး ကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်




ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် မေ ၉ ရက်အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၆၃ ခု၊ စစ်ဆေးအကဲဖြတ်သူ ၈၃၈ ဦး၊ စစ်ဆေးရေးမှူး ၁၀၂ ဦးကို အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၂၈၅၈၄ ဦး ဖြေဆိုခဲ့မှုအနက် ၂၆၂၂၃ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း။

ဧပြီလတွင် ဖြေဆိုသူ ၇၀ ကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး မေလတွင် ဖြေဆိုသူ ၂၀၄ ဦးကို စစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်း၊ အဆိုပြုစာရင်းတင်ပြပြီးသော လုပ်ငန်းကဏ္ဍများ၊ ကော်မတီများအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အစောပိုင်းကာလ ပထမခြောက်လပတ်အတွင်း စစ်ဆေးအကဲဖြတ်မှုကို တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စစ်ဆေးအကဲဖြတ်ရေးလျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ၊ Assessment Center များ၊ Chief Assessor နှင့် Assessor များအားလုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အလုပ်အကိုင် ၁၄ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၆၃၁ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဂဟေအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံအလိုက် ခေါင်းဆောင်များ၊ ထိုင်းလိုင်စင်ရ အေဂျင်စီများနှင့် တွေ့ဆုံ၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စနစ်တကျဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထက်ဦးသင်တန်းကျောင်း (ရန်ကုန်) စစ်ဆေးအကဲဖြတ်ရေးဌာန၌ ကြွေပြားကပ်အဆင့်(၁) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု


မောင်တည်ကြည်


(ယမန်နေ့မှအဆက်)

**တားဆီးကာကွယ်ခြင်းကဏ္ဍ**

တားဆီးကာကွယ်ခြင်းကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များကို ၂၀၁၉ ခုနှစ်မှစ၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုတွင် ရှေ့ပြေးအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အထိ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ခုတွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတွင်ပါ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ပြည်သူလူထုအား သတင်းပို့ တိုင်ကြားနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုများမှာ-




ဖွဲ့စည်းထားသော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တစ်ခု၌ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။


**စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍ**

ဥပဒေမူဘောင်ခိုင်မာရေးအတွက် ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြန်လည်သုံးသပ်ရေးအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး ပြန်လည်သုံးသပ်ရေးအဖွဲ့၏ သုံးသပ်ချက် အစီရင်ခံစာကို ၈-၁၂-၂၀၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ကြောင်းနှင့် ဥပဒေပြင်ဆင်သည့်ကိစ္စရပ်များပြီးမြောက်ပါက ဥပဒေပြင်ဆင်ချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေအသစ် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ရေးဆွဲထားသည့် အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများ အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)အား သုံးသပ်စိစစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍအနေဖြင့် ကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာများအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ စိစစ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခြင်း၊ ကော်မရှင်က အရေးယူရန်ရှိပါက စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာများ၊ သက်သေအထောက်အထား ခိုင်လုံမှုမရှိသည့်တိုင်ကြားစာများကို ကျိုးကြောင်းဖော်ပြပြီး တိုင်ကြားသူထံသို့ အကြောင်းပြန်ကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ကော်မရှင်ရုံး နေပြည်တော်သို့ တိုင်ကြားစာ ၁၁၂၈ စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်) သို့ တိုင်ကြားစာ ၂၆ စောင်၊ ကော်မရှင်ရုံးခွဲ(မန္တလေး)သို့ တိုင်ကြားစာ ၃၈ စောင်၊ ကော်မရှင်ရုံးခွဲ(တောင်ကြီး) သို့ တိုင်ကြားစာ ၁၁ စောင်၊ ကော်မရှင်ရုံးခွဲ(မော်လမြိုင်)သို့ တိုင်ကြားစာ ၁၄ စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၁၂၁၇ စောင် လက်ခံရရှိပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုမှာ -




၂၀၂၃ ခုနှစ်တွင် ကော်မရှင်က လက်ခံရရှိသည့် တိုင်ကြားစာများ၏ အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က လွှဲပြောင်းပေးပို့ခြင်း | ၄ |
| ၂ | ကော်မရှင်ထံလိပ်မူ၍ တိုင်ကြားခြင်း | ၉၈၆ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၂၀၂ |
| ၄ | ပစ်စာ | ၂၅ |
| | စုစုပေါင်း | ၁၂၁၇ |

၂၀၂၃ ခုနှစ်တွင် လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ | ၇၃၆ | ၆၀ % |
| ၂ | အရေးယူဆောင်ရွက်မပေးနိုင်သည့် တိုင်ကြားစာ<br><br>(ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာ၊ မိတ္တူပေးစာ၊ အထောက်အထားမဲ့ပစ်စာ၊ ရုပ်သိမ်းစာ) | ၄၃၉ | ၃၆ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲတိုင်ကြားစာ | ၄၂ | ၄ % |
| | လက်ခံရရှိသည့် တိုင်ကြားစာပေါင်း | ၁၂၁၇ | |

အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၇၃၆ စောင်နှင့်ပတ်သက်၍ ကော်မရှင်မှ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ခြောက်စောင်၊ ကြိုတင်ထောက်လှမ်းစုံစမ်းသည့် တိုင်ကြားစာ ၁၇ စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၃၄၅ စောင်နှင့် တိုင်ကြားသူတစ်ဦးချင်းထံသို့ တိုင်ကြားစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဖော်ပြအကြံပြုချက်များဖြင့် ပြန်ကြားပေးသည့် တိုင်ကြားစာ ၃၆၈ စောင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စာမျက်နှာ ၁၁ သို့ ☆

**❛ ကော်မရှင်အနေဖြင့် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် နယ်ပယ်များတွင် သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံများနှင့် ကောင်းမွန်သည့်အလေ့အကျင့်များမျှဝေခြင်းနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN – Parties Against Corruption (ASEAN-PAC) သို့ ၂၀၁၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း နားလည်မှုစာချွန်လွှာ MoU ရေးထိုး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိ ❜**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) သို့ တက်ရောက်ရန် သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့ထားရှိသည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**

နိုင်ငံသားတိုင်း သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုသို့ သင်တန်းကျောင်းအသီးသီးရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂) တက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံ့သားကောင်းရတနာများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ အားပေးစကားများပြောကြားခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်း၊ သင်တန်းဖွင့်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





❂ **ကျောဖုံးမှ**

ပြုလုပ်ခဲ့ပြီး ဒေးဗစ်ထန်၊ ဝေလင်းအောင်၊ ရန်နိုင်ဦး၊ ပြည့်ဖြိုးအောင်(ဂိုး) တို့ကို နိုင်ငံခြားသားကစားသမားသုံးဦးနှင့် တွဲဖက်အသုံးပြုခဲ့ပြီး GFA အသင်းကလည်း ဇော်လင်း၊ လှဖုန်းဦး၊ ဘမ်ဘာတို့ဖြင့် လူစုံခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲအစ ၁၂ မိနစ်မှာပင် နောက်ခံလူ ဟိန်းဇေယျာလင်းသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ရန်ကျော်ထွေးက ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲခဲ့ပြီး ရန်ကုန်အသင်းအတွက် တတိယအနိုင်ဂိုးကို ၈၆ မိနစ်တွင် လမင်းထွေးက သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲတွင် မဟာယူနိုက်တက်အသင်းပိုင်ရှင် ချစ်မျိုးထိုက် (ခ) ဖိုးချစ် လူစားဝင်ကစားခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၈ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၅၀၊ ၉၀ မိနစ်တွင် ချစ်မျိုးထိုက် (ခ) ဖိုးချစ်၊ ၅၆ မိနစ်တွင် Txmu Pong Aum နှင့် ၆၄ မိနစ်တွင် အာကာကျော်တို့က သွင်းယူခဲ့သည်။ အုပ်စု (က) တွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ရမှတ် ၂၁ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ GFA အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ တက္ကသိုလ်အသင်းက ခုနစ်ပွဲကစား ခြောက်မှတ်၊ ရွှေပြည်သာအသင်းက ပွဲကုန်ရှစ်ပွဲကစား သုံးမှတ်ရရှိခဲ့သည်။

မေ ၁၄ ရက်တွင် အုပ်စု (ခ) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Rainbow အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

☆ စာမျက်နှာ ၁၀ မှ

**စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု**

၂၀၂၃ ခုနှစ်တွင် တိုင်ကြားစာ ခြောက်စောင်အား စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး လူပုဂ္ဂိုလ် ၁၄ ဦးအား ရာဇဝတ်ကြီးမှု ၁၄ မှု၊ ရာဇဝတ်အထွေထွေမှု ငါးမှုတို့ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးတရားလွှတ်တော်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲတင်ပို့ခဲ့ပြီး ဝန်ထမ်း ခြောက်ဦးတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀(ခ)အရ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူနိုင်ရေး သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးပို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်း ၁၀၉ ဦးအား ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တိုင်ကြားစာပေါင်း ၃၆၃၀၅ စောင် ရရှိခဲ့ပြီး အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၂၀၄၆၃ စောင်အပေါ် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူခဲ့ရာမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၂၆၈၄ ဦးဖြစ်ပြီး အဂတိလိုက်စားမှု ကျူးလွန်သူ ၃၀၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သည့် ၃၀၂ ဦးမှာ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ၆၅ ဦး၊ အဆင့်မြင့်အရာရှိ ၂၁ ဦး၊ အရာထမ်း ၈၀၊ အမှုထမ်း ၈၄ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနှင့် အခြားပုဂ္ဂိုလ် ၃၄ ဦးတို့ ပါဝင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ လေးသန်းကျော်တို့ ဖြစ်ပါသည်။ နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဒသမ ၈၅၅ ဘီလီယံကျော်နှင့် ယူရို သုံးသန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့် ငွေကြေးများ၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

ကော်မရှင်အနေဖြင့် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံများနှင့် ကောင်းမွန်သည့် အလေ့အကျင့်များမျှဝေခြင်းနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN – Parties Against Corruption (ASEAN–PAC)သို့ ၂၀၁၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း နားလည်မှုစာချွန်လွှာ MoU ရေးထိုး၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို ၂၉–၆–၂၀၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်ပြီး လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် ASEAN–PAC အဖွဲ့ဝင်နိုင်ငံများနှင့်လည်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် "Together Against Corruption" လူမှုကြော်ငြာပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ရန်ကုန်မြို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၏ ဖိတ်ကြားမှုအရ ကော်မရှင်သည် “အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းမှ အသက်(၁၄)နှစ်မှ (၃၅)နှစ်အကြား လူငယ်ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်များပိုမိုပါဝင်လာစေရန်နှင့် လူငယ်များ၏အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာစီစာကုံးပြိုင်ပွဲကို ပြည်တွင်းပြိုင်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုပြိုင်ပွဲတို့နှင့် တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအနက် အကောင်းဆုံး ပြိုင်ပွဲဝင် ၁၀ ဦးစီကို အတည်ပြုရွေးချယ်ခဲ့ပြီး အကောင်းဆုံးပြိုင်ပွဲဝင်ပိုစတာနှင့် ဗီဒီယိုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် “Together Against Corruption” ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ငွေသားဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လည်ဆွဲတို့ဖြင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဆောင်ရွက်ပေးမည့် နေပြည်တော်အလင်း (သို့မဟုတ်) နေပြည်တော်အပြုံး

**လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုပ်ငန်းစဉ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးစားပေး၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals-SDG)တွင် ပါရှိသည့် ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ပန်းတိုင်အမှတ်စဉ်- ၃ ဖြစ်သည့် အသက်အရွယ်မရွေး လူတိုင်း ကျန်းမာသည့်ဘဝရရှိစေရေးဆိုသည့် ရည်မှန်းချက်ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရေးအတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

မျက်စိနှင့် စိတ်၊ သွားနှင့် ခန္ဓာကိုယ်ဟု ဒွန်တွဲနေမှုကို ပြောကြစမြဲပင်။ ထို့ကြောင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဟု ဆိုကြပါသည်။ ကိုယ်နှင့်စိတ် ကောင်းဖို့ လိုသလို မျက်စိနှင့် သွား ကောင်းဖို့လည်း လိုအပ်လှပါသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သည့် အစားအစာများတွင် ခန္ဓာကိုယ်ကို ကြီးထွားစေသည့် အစာ၊ အင်အားဖြစ်စေသည့်အစာ၊ ရောဂါကာကွယ်စေသည့် အစာများကို မှျမှျတတစားပေးရပါမည်။ အစားအစာသည် အသက်ရှင်ဖို့ စားသုံးနေရခြင်းဖြစ်ပါသည်။ အသက်ရှင်သန်ဖို့အတွက် အစားအစာများကို စားချင်သည့်ဆန္ဒရှိဖို့လည်း လိုအပ်နေပါသေးသည်။ စားချင်သည့် ဆန္ဒဖြစ်ပေါ်လာစေရန် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံဖို့လည်း လိုအပ်ပါသည်။ "သွားကျန်းမာရေးမကောင်းသည့် သူများသည် စိတ်ပိုင်းဆိုင်ရာအားဖြင့် တစ်ခုခုလိုအပ်နေသလို ခံစားကြရကြောင်း" သွားဆရာဝန်များက ဆိုထားပေသည်။

မျက်စိနှင့်သွား၏ အသွင်အပြင်သည် လိုအပ်မှုအတွက် လှုံ့ဆော်မှုတစ်ခု ဖြစ်ပါသည်။ ကြည်လင်သော အလင်းနှင့် တောက်ပသောအပြုံးအတွက် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ဖြစ်လာပြီး မပြည့်စုံသော ခံစားချက်ရရှိလာကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေထိုင်လျက်ရှိကြသည့် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် နေပြည်တော်အလင်းနှင့် နေပြည်တော်အပြုံး အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်-

**ဦးမြင့်စိုး**

**နေပြည်တော်ကောင်စီဝင်**

**မေး။** နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံးအစီအစဉ် ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ နေပြည်တော် ပြည်သူ့ကျန်းမာရေး / ကုသရေး ဦးစီးဌာနမှူးရဲ့ နေပြည်တော်အပြုံးနဲ့ နေပြည်တော်အလင်းဆိုပြီး ဆောင်ရွက်မယ့် အစီအစဉ်ဟာ ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကြိုဆိုပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အများပြည်သူရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်ပေးမယ်လို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။



ဦးမြင့်စိုး

ဆေးကုသခံယူတဲ့ ပြည်သူလူထုကိုလည်း အလှူရှင်တွေရဲ့ ထည့်ဝင်ငွေများနဲ့ အာဟာရများပါ ကျွေးမွေးစောင့်ရှောက်မယ့်အစီအစဉ် ဖြစ်ပါတယ်။

**မေး။** ခွဲစိတ်မယ့်လူနာတွေရဲ့ သွားလာရေးအတွက် စီစဉ်ပေးမယ့် အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** ခွဲစိတ်မယ့်လူနာတွေရဲ့ သွားလာရေးအတွက် နေပြည်တော်ကောင်စီရဲ့ ပံ့ပိုးမှုနဲ့ နေပြည်တော်အတွင်း မြို့နယ် ရှစ်မြို့နယ်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက သက်ဆိုင်ရာ မြို့နယ်အလိုက် ကြို/ပို့ကိစ္စများကို ကားစီစဉ်ပြီး ခွဲစိတ်မယ့် စုရပ်နေရာများကို ဝိုင်းဝန်းကူညီပို့ဆောင်ပေးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ မျက်စိအတွင်းတိမ်က ခွဲပြီးသွားရင် မှန်ဘီလူးထည့်ရတယ်လို့ သိရပြီး ဆေးရုံမှာ နားရကြောင်း သိရပါတယ်။ လူနာတွေအတွက် အာဟာရနဲ့ လိုအပ်တဲ့ကိစ္စများ ပူးပေါင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

**နေပြည်တော်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး**

**မေး။** နေပြည်တော်အပြုံးနဲ့ နေပြည်တော်အလင်း အစီအစဉ်အဖြစ် ဆောင်ရွက်မယ့် အစီအစဉ်ကို ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့ပြများနှင့် ကျေးလက်ဒေသများ အားလုံးမှာ မီတင်းနေထိုင်ကြတဲ့ မျက်စိအတွင်းတိမ် လူနာများနဲ့ နှုတ်ခမ်းကွဲ/ အာခေါင်ကွဲ လူနာတွေကို အခမဲ့ ခွဲစိတ်ကုသပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ လူတိုင်းလက်လှမ်းမီတဲ့ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖြစ်ပါတယ်။ Universal Health Coverage ကို ကျွန်တော်တို့ သွားချင်တာပါ။ ပြည်သူလူထုရဲ့အိတ်ကပ်ထဲက စိုက်ထုတ်ရတဲ့ ကုန်ကျစရိတ်တွေ သက်သာအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မျက်စိအတွင်းတိမ်က အသက်ကြီးလာရင် ဖြစ်တတ်တဲ့အတွက် အခုလို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နှုခေါင်းကွဲ၊ အာခေါင်ကွဲက အရှင်မွေး ၁၀၀၀ မှာ တစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့ နှုခေါင်းကွဲ၊ အာခေါင်ကွဲတွေကိုလည်း ခွဲစိတ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။



ဒေါက်တာသန်းနိုင်စိုး

**မေး။** နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး အဖြစ် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကိုလည်း သိပါရစေ။

**ဖြေ။** ပထမဆုံးတော့ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲရှိ ကျန်းမာရေးဆရာမတွေက သက်ဆိုင်ရာ နယ်မြေဒေသအလိုက်မှာ အသက်ကြီးပြီး မျက်စိခွဲချင်တဲ့ အတွင်းတိမ်လူနာ စာရင်းနဲ့ နှုခေါင်းကွဲ၊ အာခေါင်ကွဲစာရင်းကို ကောက်ပါတယ်။ ရရှိတဲ့ စာရင်းအရ အထူးကု ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး တစ်လကို လူဦးရေ ဘယ်လောက်ခွဲပေးနိုင်မလဲဆိုတဲ့ အပေါ်မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။** မျက်စိခွဲစိတ်ဖို့အတွက် နေပြည်တော်အတွင်း ဘယ်ဆေးရုံတွေမှာ ခွဲစိတ်ပေးမှာပါလဲ။

**ဖြေ။** မျက်စိ ခွဲစိတ်စစ်ဆေးပေးနိုင်တာက နေပြည်တော် ကုသရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ နေပြည်တော်ပြည်သူ့ဆေးရုံ ခုတင် ၃၀၀၊ ပျဉ်းမနားပြည်သူ့ဆေးရုံ ခုတင် ၂၀၀ တို့မှာ ခွဲစိတ်ပေးမှာဖြစ်ပါတယ်။ ဒီ ခုတင် ၃၀၀ နဲ့ ခုတင် ၂၀၀ မှာ မနိုင်တဲ့ ကိစ္စမျိုး၊ လူများတယ်ဆိုရင် မျက်စိ၊ နား၊ နှုခေါင်း၊ လည်ချောင်းဆေးရုံ/ဗဟိုအဆင့်ဆေးရုံဖြစ်တဲ့ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ ခုတင် ၅၀၀ ကို လွှဲပေးပြီး ခွဲစိတ်မှာဖြစ်ပါတယ်။ ဒီ ခုတင် ၃၀၀၊ ခုတင် ၂၀၀ နဲ့ ခုတင် ၅၀၀ ဆေးရုံတွေက အထူးကုဆရာဝန်တွေက အခမဲ့ ခွဲစိတ်ကုသပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။

**မေး။** နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး အစီအစဉ်မှာ မျက်စိအတွင်းတိမ်နဲ့ နှုခေါင်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မယ့်အရေအတွက် ဘယ်လောက်လောက် ခွဲစိတ်ပေးမှာပါလဲ။

**ဖြေ။** မျက်စိအတွင်းတိမ် ခွဲမယ့်စာရင်းက ၁၈၂ ဦးနဲ့ နှုတ်ခမ်းကွဲ/အာခေါင်ကွဲစာရင်းက ၄၈ ဦး ရရှိပြီးဖြစ်ပါတယ်။ စာရင်းကောက်တာကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ လစဉ်ဆောင်ရွက်ပြီး ရေရှည်သွားမှာဖြစ်တဲ့အတွက် လူဦးရေ ကန့်သတ်မထားပါဘူး။

**မေး။** မျက်စိစပြီး ခွဲစိတ်မယ့်အချိန်က ဘယ်အချိန်လောက်ဖြစ်မလဲ။

**ဖြေ။** မေလ ၁၄ ရက်နေ့ကစပြီး ခွဲစိတ်မှာ ဖြစ်ပါတယ်။ တစ်ကြိမ်ပြီး တစ်ကြိမ် ခွဲစိတ်မယ့် လူဦးရေကို ကြေညာသွားမှာ ဖြစ်ပါတယ်။

**မေး။** နေပြည်တော်အပြုံးအစီအစဉ်နဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။

**ဖြေ။** နေပြည်တော်အပြုံး ခေါင်းစဉ်အောက်မှာ ခွဲစိတ်မယ့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာက မျက်စိခွဲမယ့်လူနာထက်စာရင် နည်းပါတယ်။ နေပြည်တော်အလင်းအစီအစဉ်ကို အရင်ဆောင်ရွက်ပြီးမှ နေပြည်တော်အပြုံးအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ရရှိပြီးတဲ့ နှုခေါင်းကွဲ၊ အာခေါင်ကွဲလူနာစာရင်းကိုပဲ နေပြည်တော်အပြုံးဆိုတဲ့ အစီအစဉ်နဲ့ ခွဲစိတ်ပေးမှာ ဖြစ်ပါတယ်။

**မေး။** သွားနဲ့ပတ်သက်ပြီး တခြားဆောင်ရွက်ပေးမယ့် အစီအစဉ်ကိုလည်း သိပါရစေ။

**ဖြေ။** သွားမကောင်းတဲ့သူတွေအတွက် အံကပ်တပ်ပေးမယ့်အစီအစဉ်လည်း ရှိပါတယ်။ အံကပ်တွေကိုလည်း အခမဲ့တပ်ပေးမှာ ဖြစ်ပါတယ်။ အလှူရှင်ရှိရင် ရှိသလိုလည်း ထပ်တိုးတပ်ပေးနိုင်မှာဖြစ်ပါတယ်။ အံကပ်က တစ်လကို လူဦးရေ ၈၀ လောက်တော့ အံကပ် တပ်ပေးနိုင်ပါတယ်။

**မေး။** လက်ရှိ စာရင်းကောက်ပြီးတဲ့ထဲ မပါသေးဘဲ နောက်ထပ် စာရင်းပေးလိုတဲ့ ပြည်သူတွေအတွက်ကို ဘယ်လို သတင်းစကားပါးလိုပါသလဲ။

**ဖြေ။** နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး အစီအစဉ်အဖြစ် လစဉ် အကြိမ်ကြိမ် ခွဲစိတ်ပေးနေမှာဖြစ်တဲ့အတွက် ခွဲစိတ်လိုတဲ့လူနာတွေအနေနဲ့ နေပြည်တော်အတွင်း မြို့နယ် ရှစ်မြို့နယ်မှာရှိတဲ့ မြို့နယ်ပြည်သူ့ဆေးရုံတွေနဲ့ မြို့နယ်အလိုက် သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများမှာ စာရင်းပေးလို့ရပါကြောင်း ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း - ရွှေပင်လယ်(IPRD)**

**ဓာတ်ပုံ - ဟိန်းသူအောင်(ဇမ္ဗူ)**

## တန့်ယန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**တန့်ယန်း မေ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယမန်နေ့က လုံပုံး၊ နောင်ပစ်ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည်။

**ထုတ်ချေးပေးနိုင်ခဲ့**

အဆိုပါ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လုံပုံး၊ နောင်ပစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး အတွက် ငွေကျပ် ၄၁ ဒသမ ၇ သန်းအား ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့ ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ

ပဲခူး မေ ၁၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့ ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ တောင်ငူလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ မြေနေရာ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့အား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာနှင့် ပန်းဖွားအကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသည့် လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ





ပဲခူး မေ ၁၃

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဆွေးနွေး**

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်များအတွက် အသိပညာပေး ဆွေးနွေးရာတွင် ယနေ့ ကျောင်းသား ကျောင်းသူ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ နိုင်ငံ့အကျိုး ဆောင်ရွက်ကြရမည့်သူများဖြစ်ကြောင်း၊ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး ဆောင်ရွက်ကြမည့်သူများဖြစ်ကြ၍ အတတ်ပညာ၊ အသိပညာ ဗဟုသုတကြွယ်ဝပြီး ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ၊ လူရည်ချွန်လူရည်မွန်များဖြစ်ရန် လိုအပ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကောင်းမွန်မှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့် သားကောင်းရတနာများဖြစ်အောင် ငယ်စဉ်ကတည်းက ကြိုးစားတည်ဆောက် သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတ လေ့လာလိုက်စားနိုင်ရေး နိုင်ငံတော်က ဘက်စုံပညာရေးစနစ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် အချိန်မတိုင်မီ ကျောင်းထွက်မှုများပြားပြီး မူလတန်း၊ အလယ်တန်း အဆင့်ဖြင့် ကျောင်းထွက်သွားကြသူများပြားကြောင်း၊ အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်မှု ရာခိုင်နှုန်းနည်းပါးနေကြောင်း၊ ထို့ကြောင့် ပညာရေးကိုမြှင့်တင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးတို့ကို ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများ စာပေဘာသာရပ်တတ်မြောက် ကျွမ်းကျင်ရုံမျှသာမက အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝသည့် ဘက်စုံပြည့်ဝထူးချွန်သည့် လူငယ်များဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် မတည်ငြိမ်မှုများ၊ ဆူပူအကြမ်းဖက်မှုများ၊ ဖျက်ဆီးနှောင့်ယှက်မှုများသည် အသိပညာ စဉ်းစားဆင်ခြင်မှု အားနည်းသူများ၏ အကျိုးဆက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူ အားလုံး အသိပညာ ပြည့်ဝကြမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ စာပေလေ့လာ ဖတ်ရှုကြရန် လိုအပ်ပြီး ဘဝတစ်လျှောက်လုံး လေ့လာဆည်းပူး သင်ယူသည့် လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည့်အတွက် ယနေ့လူငယ် ကျောင်းသား ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲက လူငယ်များအပါအဝင် ပြည်သူများ လက်လှမ်းမီစွာ စာပေလေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုရေး တိုက်တွန်း အားပေးလျက်ရှိကြောင်း၊ သက်ရှည်ကျန်းမာပြီး နိုင်ငံ့အကျိုး သယ်ပိုးနိုင်ကြမည့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များဖြစ်အောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

**နိုင်ငံသားတိုင်း၏တာဝန်**

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် လိုအပ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုသည်မှာ ယခုမှ ပြဋ္ဌာန်းထုတ်ပြန်အကောင်အထည်ဖော်ခြင်း မဟုတ်ကြောင်း၊ ၁၉၅၉ ခုနှစ်ကရှိပြီးဖြစ်သည့် ဥပဒေကို ၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသမိုင်းတွင် ပြည်တွင်းဆူပူအကြမ်းဖက်မှုများနှင့် ပြည်ပကျူးကျော်ရန်စမှုများကို ပြည်သူများပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖြင့်သာ ကာကွယ် ထိန်းသိမ်းခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်း တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ပြင်နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံပဒေပုဒ်မ ၃၈၅ နှင့် ၃၈၆ အရနိုင်ငံတော်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်းနှင့် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကိုလေ့လာပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည် များကို နိုင်ငံသားတာဝန်အရ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးမလိုလားသူများက အဖျက်အမှောင့်မျိုးစုံဖြင့် ဤဥပဒေကို ဝေဖန်တိုက်ခိုက်နေခြင်းအပေါ် သတိထားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အရေးအတွက်ဖြင့်သာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူများအကြား စိတ်ပူပန်မှု မများကြစေလိုကြောင်း၊ လိုအပ်သည့်အချိန်တွင် နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ကြရမည်ဟူသော စိတ်ထားဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဲခူးတက္ကသိုလ် စာကြည့်တိုက်အတွက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်ထံသို့ စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သည့် အားကစားပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်**

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အခြေခံပညာကျောင်းများအတွက် စာအုပ်စာစောင်များနှင့် ပဲခူးတက္ကသိုလ်အတွက်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သော အားကစားပစ္စည်းများကို တိုင်းဒေသကြီးပညာရေးမှူး ဦးမျိုးဝင်းအောင်ထံ ပေးအပ်သည်။

ထို့နောက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအေးအေးခိုင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရေးတိုက်တွန်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ၊ တိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် လူငယ်များ၊ နွေရာသီအားကစားသင်တန်းများမှ လူငယ်မောင်မယ်များ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ **မြန်မာအမျိုးသမီးမှ**

ပွဲစဉ် (၂) ဒုတိယနေ့အဖြစ် မေ ၁၄ ရက် (ယနေ့)တွင် ပဒုမ္မာကွင်း၌ အား/ကာသိပွဲအသင်းနှင့် ဧရာဝတီအသင်း၊ စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MWL**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေညောင်-ရပ်စောက်လမ်း ရေပူရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် TOMZN Circuit Breaker ၂၂၅ ခု၊ တရုတ်စာတန်းပါအချိုရည် ၄၅၆ ဘူးအပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၉၇၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၉၇၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၁ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၁၈၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၁၂ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၂၆၉ တန်၊ သစ်မာ သုည ဒသမ ၈၃၉ တန်နှင့် အခြားသစ် ၅ ဒသမ ၁၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၂၅၃၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၄၆၁၁၂၅၃၀ ကိုသိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့နယ် စံပါရီကျေးရွာအနီး၌ လိုင်စင်မဲ့ Nissan Note ယာဉ်နှစ်စီး၊ Honda Fit ယာဉ်တစ်စီးနှင့် Honda Insight ယာဉ်တစ်စီး စုစုပေါင်းယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် လက်ဖက်ရည်စားပွဲ ၉၄ လုံး၊ TV Stand ၉၃ ခုအပါအဝင်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံ တံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၀၄၅ တန် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၂၁၈၂၉၅၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၃

ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာအနီးတွင် အိုက်ကျောက်အား စစ်ဆေးရာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အိုက်ကျောက် ၂၆ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



အိုက်ကျောက်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အစိုးရကတည် အကြမ်းဖက်သမားကဖျက်နဲ့ တိုးတက်ဖို့ဝေးနေတဲ့ မြန်မာပြည်မှ လမ်း၊ တံတားများ”** ခေါင်းစဉ်ဖြင့် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၅-၂၀၂၄ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဝက်ယူစရာ သမိုင်းအမွေအနှစ်များနှင့် ချစ်သောပုဂံမြေ
၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၀ စိုက်ပျိုးရေးအခြေခံ မွေးမြူရေးမှသည်ငါးနှင့် ဆက်စပ်သော တန်ဖိုးမြှင့်ထုတ်ကုန်များဆီ
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဆုတောင်းပြည့်ကြယ်တာရာစတောလာ’ (အပိုင်း-၅၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ပျော်လင့်ခြင်းဒီဇိုက်’ (အပိုင်း-၁၂)
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၃၅ နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ပျော်လင့်ခြင်းဒီဇိုက်’ (အပိုင်း-၁၄)
၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တော်ဝင်စားဖွဲ့’ (ဇာတ်သိမ်းပိုင်း)
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ ‘လျှို့ဝှက်လရောင်’ (အပိုင်း-၁)

### mitv

07:02 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:10 Myanmar Big Circular Tray
07:27 A Grate Musician of A Horn Violin
07:49 Tastes of Home Land: Sour and Spicy Crab
08:01 News
08:26 KYAUKSE, Elephant Figures
08:29 The Promising Aquarium Fish Farming in Myanmar
09:01 Ramayana Classic Talk & Discussion (Episode-1)
09:26 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
09:51 Myanmar Puppeteers (Zawgyi Dance)
10:01 News
10:27 Lifestyle & Entertainment (Weekly Updates)
10:35 Gardener of Royal Thazin Floral

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** မိုးနဲ့မြို့က ရှေးမှုလက်ရာမပျက် ရှမ်းရိုးရာဆွမ်းအုပ်ကလေးများ
**ဝ (၀၈:၀၀ မှ ၁၀:၀၀)** ဝဘာသာစကားပြောကြရအောင် (လူမျိုးများဆိုင်ရာ အခေါ်အဝေါ်)
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
**ကယား (၁၂:၀၀ မှ ၁၄:၀၀)** ကယားတိုင်းရင်းသားများရဲ့အဲ့ဗို(ခေါ်)လိပ်ပြာပြန်ခေါ်ခြင်း
**ပကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** ပျားရည်နှင့်ကြက်သွန်ဖြူကပေးသော ကျန်းမာရေး
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** လှမ်းခဲ့ပါလေဒေါင်းဖြူမြေ
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** စားလို့ကောင်းတဲ့ သပြေသီးတာလပေါ်
**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)** ရက်လ အခေါ်အဝေါ်များ
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပါယ်များ
**မွန် (၁၉:၀၀ မှ ၂၁:၀၀)** ရှိုဒိုးဘုရားမြော် ထူးခြားသောဓါတ်တော်
**ရခိုင် (၂၁:၀၀ မှ ၂၂:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁၁)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ See Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ Festivals Around The World (အပိုင်း-၅)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘အစ္စရေးနိုင်ငံ’
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ရှုချင်းအတူတူ’
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ဆွစ်ဇာလန်နိုင်ငံ’
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၂၂)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ သုတပဒေသာ စိုက်ပျိုးနည်းပညာ ‘ဖိုးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ’
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ဆုံးခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
၂၂:၀၀ Haunted Mansion 2023

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Max
၁၆:၀၅ အားကစားလောကထဲက သူတို့အကြောင်း
၁၇:၀၀ အားကစားသတင်း

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့် တိုက်ပွဲများတွင် ဓာတုအဆိပ်သင့်ဗုံးများ ကြဲချတိုက်ခိုက်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့် တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် မေ ၈ ရက်က ကြဲချတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ မူးမေ့ခြင်းနှင့်အော့အန်ခြင်းဝေဒနာများ ခံစားခဲ့ရကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




### လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိ

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့်တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ထိခိုက်သေဆုံးမှုများပြားခဲ့သည့် ယခင်တိုက်ပွဲများတွင်လည်း တပ်မတော်မှဓာတုအဆိပ်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ကြောင်း လုပ်ကြံ ဝါဒဖြန့်ဝေလျက်ရှိသည်။

ယခုဖြစ်စဉ်မှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ထိခိုက်သေဆုံးမှု များပြားလျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၂ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Winyuaung Kaungkaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဝင်းယုအောင်(ခ)ကောင်းကောင်းနှင့် “Ko Ko Latt” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လပွတ္တာမြို့နယ် အမှတ်(၉)ရပ်ကွက်နေ ကိုကိုလတ်တို့အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လပွတ္တာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြင်းခြံမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် ဝါစိုက်ပျိုးရန် လျာထားဆောင်ရွက်ချက်အား ကွင်းဆင်းစစ်ဆေး

မြင်းခြံ မေ ၁၃

မန္တလေးတိုင်းဒေသကြီး ကွပ်ကဲမှုအောက်ရှိ မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူကျေးရွာအုပ်စု ကူကျေးရွာရှိ စိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူများ၏ လယ်/ယာမြေများအတွက် စိုက်ပျိုးရေရေများ ကုန်ကျစရိတ်သက်သာစွာဖြင့် ဖူလုံစွာရရှိနိုင်ရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် ဝါစိုက်ပျိုးနိုင်ရန် မြေပြင်အခြေအနေကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့စစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကူကျေးရွာရှိ ဝါးစိုက်ခင်းများကို စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရန် အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူဖော်မည့် မြေနေရာနှင့် ဆိုလာတပ်ဆင်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကူကျေးရွာ၌ အဆိုပါ စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၅၄ သန်း အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ တောင်သူ ၁၂ ဦး၏ ဝါစိုက်ပျိုးဧက ၂၀ အတွက် ရာသီမရွေး စိုက်ပျိုးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ချောင်းဆုံမြို့နယ်၌ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ပွားများ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းများအတွက် နည်းပညာပေးသင်တန်းဖွင့်လှစ်၊ မျိုးစေ့ထောက်ပံ့

ချောင်းဆုံ မေ ၁၃

ချောင်းဆုံမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီက ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မိုးစပါးမျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ပွားများ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် အချက်များဆိုင်ရာ နည်းပညာပေးသင်တန်း ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်လွင်က အရည်အသွေးကောင်း မျိုးစေ့စိုက်ပျိုးခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများနှင့် မျိုးစေ့ ထောက်ပံ့ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ခုနှစ် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေသည့် တောင်သူ ၁၈ ဦး၏ မျိုးစေ့ထုတ်စိုက်ဧက ၈၀ အတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး နည်းပညာပေးသင်တန်း ဆွေးနွေးပို့ချကြသည်။



အဆိုပါ နည်းပညာပေးသင်တန်း ဆွေးနွေးပို့ချခြင်းကို မော်လမြိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန(မြေ/မျိုး/ပိုး) တာဝန်ခံသုံးဦးတို့က တောင်သူ ၁၈ ဦးတို့အား မေ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာ(ပြန်/ဆက်)**

# လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး အချက်အလက်များ နှိုးဆော်




တိုက်ကြီး မေ ၁၃

လေပြင်းဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များ၊ မိုးကြိုကာလနှင့် လာမည့်မိုးနှောင်းကာလတို့တွင် မိုးကြိုးပစ်ခြင်းသည် အများဆုံးဖြစ်ပွားလေ့ရှိသောကြောင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်အချက်များကို ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့နှင့်အဖျောက်မြို့အတွင်းရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လှည့်လည်ကြေညာ နှိုးဆော်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မေ ၁၂ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မော်လမြိုင် မေ ၁၃**

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးအကြံပြု**

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းစီမံချက်ပါ ဥပဒေအသိပညာ ပြန့်ပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် လက်ကမ်းစာစောင် ဖြန့်ဝေနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ဆွေးနွေးအကြံပြု တင်ပြခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




# အမေများနေ့ အထိမ်းအမှတ် ဘိုးဘွားရိပ်သာများအတွက် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၃**

Grand Wynn Group of Companies မှ ကြီးမှူး၍ Mother's Choice & Mom's Choice မှ အဓိကကူညီပံ့ပိုး၍ အမေများနေ့အထိမ်းအမှတ် အနေဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ကန်တော်လေး သီလရှင်လေးများဘိုးဘွားရိပ်သာ၊ မွတ်ဆလင်သက်ကြီးဂေဟာနှင့် ဆည်းဆာရိပ်ဂီလာနဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် ဘိုးဘွားရိပ်သာတစ်ခုလျှင် အလှူငွေကျပ် ၁၀ သိန်းနှင့် နံနက်စာအတွက် Grand Wynn Group of Companies မှ တင်သွင်းဖြန့်ဖြူးရောင်းချ လျက်ရှိသော Mother's Choice Margarine ၂၄ ဘူး စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၀ နှင့် Mother's Choice Margarine ၉၆ ဘူးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(လူသုံးကုန်ပစ္စည်း)ထုတ်လုပ်မှုသင်တန်းဖွင့်

**ကော့သောင်း မေ ၁၃**

ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(လူသုံးကုန်ပစ္စည်း)ထုတ်လုပ်မှုသင်တန်းကို ကော့သောင်းမြို့နယ် ချောင်းဝကျေးရွာဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝေနှင့် ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုတို့က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မေ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**၂၂**

❖

# မင်းကင်းမြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**မင်းကင်း မေ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

**ဖွင့်လှစ်ပေးခြင်းဖြစ်**

ဦးစွာ မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျင်ငိုက်မန်က လူငယ်မောင်မယ်များ အနေဖြင့် နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး စိတ်ဝင်စားစွာ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ သင်တန်းနည်းပြဆရာ လက်မှု/ပန်းချီဆရာ ဦးမောင်နုက သင်တန်းတွင် သင်ကြားမည့် ပန်းချီရေးဆွဲရာတွင် အဓိကကျသည့်အရာများ၊ မျဉ်းဖြောင့်၊ မျဉ်းကွေးအကြောင်းနှင့် အခြေခံဆေးရောင်များ၊ ရေဆေး၊ ဆီဆေး အသုံးပြုနည်း၊ ဆေးရောင် ရောစပ်နည်းများ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦးအား မေ ၁၃ ရက်မှ ၁၇ ရက်အထိ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○



နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ရွှေတွင်းကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၅၀ အား သောက်သုံးရေဂါလန် ၃၆၀၀ ကို ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက မေ ၁၂ ရက်တွင် သွားရောက်လှူဒါန်းစဉ်။ ထွန်းလင်း(ဇေယျာမြေ)

# ဘီးလင်းမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက သောက်သုံးရေများလှူဒါန်း

**ဘီးလင်း မေ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်ရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သောက်သုံးရေ ဂါလန် ၃၂၀၀ လှူဒါန်း**

ထိုသို့လှူဒါန်းရာတွင် မွန်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဘီးလင်းမြို့နယ်ရုံး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရေအခက်အခဲဖြစ်သည့် ကန်သာယာရပ်ကွက်ရှိ ပြည်သူများထံသို့ သောက်သုံးရေ ဂါလန် ၃၂၀၀ ကို နေအိမ်များအရောက် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၈၁၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၃-၅-၂၀၂၄)ရက်နေ့ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၅-၅-၂၀၂၄)ရက်နေ့ ည(၈:၀၀)နာရီမှ (၁၂-၅-၂၀၂၄)ရက်နေ့ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၈၁၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

**ဆိပ်ဖြူ မေ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၌ ကိုင်းကျွန်းမြေနုများတွင် စိုက်ပျိုးသည့် မိုးကြက်သွန်နီစိုက်ခင်းလွတ်များတွင် ဆောင်းသီးနှံကုလားပဲ သီးထပ်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်းနှင့် ကုလားပဲကိုဆောင်းတစ်ရာသီလျှင် တစ်ကြိမ်သာ စိုက်ပျိုးသော်လည်း ယခုနှစ်တွင် ကြက်သွန်နီစိုက်ခင်းလွတ်များတွင် စိုက်ပျိုးမှုပိုမိုများပြားလာကြောင်း သိရသည်။



ကုလားပဲမျိုးစေ့များကို စူးထိုးအစေ့ချ စိုက်ပျိုးပြီး မတ်လကုန် ဧပြီလဆန်းပိုင်းတွင် ရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်တွင် ဧက ၅၀၀ ခန့်သာ စိုက်ပျိုးပြီး ယခုနှစ်တွင် ဧက ၇၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ယခုနှစ်တွင် ကုလားပဲများ အထွက်နှုန်း ကောင်းမွန်လျက်ရှိပြီး တစ်ဧကလျှင် ၂၂ တင်းခန့်ထွက်ရှိကြောင်း၊ တစ်ဧကလျှင် ကျပ် ၄၀၀၀၀၀ ခန့်သာကုန်ကျကြောင်း၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသည့် ကုလားပဲများကို မြို့ပေါ်ရှိပွဲရုံများနှင့် ချောက်မြို့ရှိ ပွဲရုံများသို့ ရောင်းချလျက်ရှိကြောင်း၊ ကုလားပဲသီးနှံသည် ပြည်တွင်းစားသုံးမှု ပိုမိုမြင့်မားလျက်ရှိပြီး ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိခြင်းကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



# ငပုတောမြို့နယ်တွင် အိမ်တွင်းဝင်ငွေရလျက်ရှိသော ရိုးရာတံမြက်စည်းလုပ်ငန်း

**ငပုတော မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်လျက်ရှိသည့် လက်မှုလုပ်ငန်းတစ်ခုဖြစ်သော တံမြက်စည်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ရောင်းအားကောင်းမွန်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တံမြက်စည်းပြုလုပ်ရာတွင် အဓိကလိုအပ်သောပစ္စည်းမှာ ကိုင်းဘောပင်ဖြစ်ကြောင်း၊ ကိုင်းဘောပင်များသည် ငပုတောမြို့နယ်အတွင်း ဖေဖော်ဝါရီလနှင့် မတ်လတွင် အလေ့ကျပေါက်သော အပင်များဖြစ်ပြီး တံမြက်စည်းပြုလုပ်ရာ၌ အဖူးအပွင့်ခြွေခြင်းနှင့် အရွယ်အစားခွဲခြားခြင်း၊ အရိုးတံချွန်ခြင်း၊ အပြားယှက်ခြင်း၊ လက်ကိုင်ရိုးကြိုးချည်ခြင်း စသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ရကြောင်း သိရသည်။

တံမြက်စည်း အချောင်း ၅၀ ပြုလုပ်သည့် ကုန်ကျစရိတ်အနေဖြင့် ကိုင်းဘောတစ်စီး ဝယ်ယူခ ကျပ် ၂၅၀၀၀၊ အရိုးဖျင်ခ ကျပ် ၁၀၀၀၀၊ နိုင်လွန်ကြိုးဖိုး ကျပ် ၅၀၀၀၊ သယ်ယူလုပ်သားခ ကျပ် ၁၀၀၀၀၊ သဘော်တန်ဆာအပါ တင်ချလုပ်သားခ ကျပ် ၅၅၀၀ ဖြစ်ပြီး စုစုပေါင်းကျပ် ၅၅၅၀၀ ကုန်ကျကြောင်း၊ တံမြက်စည်းတစ်ချောင်း ရောင်းဈေးမှာ ကျပ် ၁၈၀၀ ဖြင့် ရောင်းချရပြီး တံမြက်စည်းအချောင်း ၅၀ လျှင် ကျပ် ၉၀၀၀၀ ရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၃၄၅၀၀ ရရှိကြောင်း၊ တံမြက်စည်းကုန်ချောများကို ငပုတောမြို့နယ်နှင့် အခြားမြို့နယ်များသို့ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ကိုင်းဘောတံမြက်စည်းကို ခြောက်သွေ့သောနေရာတွင်ထား၍ အသုံးပြုပါက တစ်နှစ်ခန့်ခိုင်ခံ့သောကြောင့် ဝယ်ယူသုံးစွဲသူများ ပိုမိုများပြားလာကြောင်း၊ တံမြက်စည်းလုပ်ငန်းသည် အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်ပြီး အရင်းအနှီးများစွာ မလိုအပ်သောကြောင့် မိသားစုအပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ပခုက္ကူမြို့ရှိ သကြားပြောင်းဖူး ဈေးနှုန်းဈေးကွက် အခြေအနေ



**ပခုက္ကူ မေ ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ သကြားပြောင်းဖူးများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိရာ သကြားပြောင်းဖူး အများဆုံးစိုက်ပျိုးသော ပခုက္ကူကျွန်းရွာများဖြစ်သည့် ကံလှ၊ ကျွန်းညိုကြီး၊ သံပုရာပင်ကုန်း ကျေးရွာများနှင့် မြစ်ခြေ၊ ကမ္မမြို့များအပြင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အများဆုံး ဝင်ရောက်လျက်ရှိသည်။

**စားသုံးမှုများပြား**

ဈေးနှုန်းဈေးကွက် အနေဖြင့် သင်္ကြန်ပြီး ကာလများတွင် ပြောင်းဖူးဈေးနှုန်းများ အနည်းငယ် ကျဆင်းလျက်ရှိကြောင်း၊ စားသုံးသူများအနေဖြင့် ရာသီမရွေး အလွယ်တကူဝယ်ယူရရှိပြီး ကျန်းမာရေးအထောက်အကူပြု သကြားပြောင်းဖူးကို ဝယ်ယူစားသုံးမှု များပြားကြောင်း သိရသည်။

# မုဒုံမြို့နယ်ဒေသထွက် မင်းကွတ်သီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

**မုဒုံ မေ ၁၃**

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ပြီး ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ်မင်းကွတ်သီးများ စတင်ထွက်ရှိချိန်တွင် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းကွတ်သီးပင်များသည် မြေပြန့်နှင့် မြေဩဇာထက်သန်သော သဲနုန်းမြေပွ၊ ပူအိုက်စိုစွတ်၍ ထိုင်းမှိုင်းသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်၍ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ် သုံးပေ၊ အနက် သုံးပေအတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့် အကွာ စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်များ စိုက်ပျိုးပြီး ၁၀ နှစ်မှ ၁၂ နှစ် အရွယ်ရောက်ချိန်မှသာ အသီး စတင်ထွက်ရှိ၍ ခူးဆွတ်ရောင်းချနိုင်ပြီး အပင်တစ်ပင်လျှင် သက်တမ်း နှစ် ၄၀ မှ နှစ် ၅၀ အထိ ရှင်သန်နိုင်ကာ ပိုးမွှားကင်းစင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း၊ မြို့ပေါ်ဈေးများနှင့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများအပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချရကြောင်း မုဒုံမြို့နယ် ခြံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



**၁၃-၅-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၄၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၂၀၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၈၈၀၀ | ၁၀၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၁၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၄၅၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၂၄၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၆၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၂၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၄၀၀ | ၂၃၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၈၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၁၂၆၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၆၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၆၀၀၀ |

## ချင်းပြည်နယ်အစိုးရအဖွဲ့
## နယ်စစ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊
## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်
## တင်ဒါခေါ်ယူမည့် အစီအစဉ် တင်ပြခြင်း

၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်)ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်နိုင်ရေး ပြည်နယ်တွင်း လုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင် ရောင်းချမည့်ရက်နှင့်အချိန် - ၁၄-၅-၂၀၂၄ မှ ၄-၆-၂၀၂၄ ရက်နေ့ (နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီထိ)

(ခ) တင်ဒါပုံစံနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် - ၅-၆-၂၀၂၄ မှ ၁၁-၆-၂၀၂၄ ရက်နေ့ အထိ ရုံးချိန် နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီချိန်အထိ

(ဂ) တင်ဒါရောင်းချမည့်နေရာ - ချင်းပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဟားခါးမြို့။

မှတ်ချက်။ တင်ဒါတင်သွင်းမည့်နေရာအား အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဖုန်းနံပါတ် ၀၇၀-၂၁၅၈၅၊ ၀၇၀-၂၁၅၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၂/သဲကျွန်းအနောက်ရပ်၊မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥသ-၃၀၂၈)၊ ဦးစိန်လင်း၊ (ဘ)ဦးစိန်[၉/ပမန(နိုင်)၀၆၈၄၉၆]အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ပြုံးအေး(ဘ)ဦးတင်သောင်း [၈/ရစက(နိုင်)၁၂၅၂၃၀] အမည်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၊ ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၉၅၆)၊ ဒေါ်လှဲ့မွန်ဝင်း [၁/မကန(နိုင်)၁၀၇၀၄၀](ဘ)ဦးအောင်ဆန်းဝင်းအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်လှဲ့မွန်ဝင်း [၁/မကန(နိုင်)၁၀၇၀၄၀](ဘ)ဦးအောင်ဆန်းဝင်းမှ ဒေါ်ခင်ပြည့်စုံ [၇/မလန(နိုင်)၀၇၃၁၁၃](ဘ)ဦးကျော်ဝင်းအမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၈၂၃)၊ ဒေါ်ခင်ပြည့်စုံ [၇/မလန(နိုင်)၀၇၃၁၁၃]၊ (ဘ)ဦးကျော်ဝင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်ကို ဒေါ်ခင်ပြည့်စုံ [၇/မလန(နိုင်)၀၇၃၁၁၃](ဘ)ဦးကျော်ဝင်းမှ ဒေါ်မြစိမ်းအေး [၁၂/အစန(နိုင်)၀၀၂၀၀၃] (ဘ)ဦးလွန်းသီ အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဈ၊မြေကွက်အမှတ်-၂၁၇/က၊၁၂၀၀၈/ပေ၊မြေကွက်တည်နေရာအမှတ်(၂၁၇/က)၊(ဈ)ရပ်ကွက်၊ ဒေါ်အေးအေးမူ(၁၂/ရကန(နိုင်)၀၂၃၆၅၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဒေါ်အေးအေးမူကိုယ်တိုင်မှနှစ်(၆၀)မြေငှားဂရန်မူရင်းပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကမိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်-၇၂၀/၂၀၂၄/၅-၄-၂၀၂၄၊ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ဝန်ခံကတိတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ရှမ်းပြည်နယ်၊တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်း စိုပြည်ရေးလုပ်ငန်းအတွက် လိုအပ်သော ဒီဇယ်ဆီ(ပရီမီယမ်) (၄၀၀၀၀) ဂါလန်အား အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန၊ တောင်ကြီးရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန် - (၁၃-၅-၂၀၂၄)(တနင်္လာနေ့) - (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက် - (၂၇-၅-၂၀၂၄)(တနင်္လာနေ့) - ညနေ(၄:၀၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ထပ်မံကြော်ငြာပါမည်။

(ဃ) တင်ဒါဖွင့်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ) ဆည်/ရေဦးစီးဌာန တောင်ကြီးမြို့။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့ တယ်လီဖုန်းနံပါတ် (၀၈၁-၂၁၂၁၃၄၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း-၀၈၁-၂၁၂၁၃၄၉**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း အသုံးပြုနိုင်ရန်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၁၃-၅-၂၀၂၄(တနင်္လာနေ့)

တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - ၁၁-၆-၂၀၂၄ (အင်္ဂါနေ့) ညနေ (၄)နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးနှင့်ဆေးပစ္စည်း အချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ထားဝယ်မြို့ (ဖုန်း-၀၅၉-၂၁၁၄၄၊ ၀၅၉-၂၃၅၈၃)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၈၊ မြေကွက်အမှတ်-၆၀၁/က+၆၀၀/ခ၊ ဧရိယာ(၀.၀၅၅) ဧက၊ မြေကွက်တည်နေရာအမှတ်-၆၀၁/က+၆၀၀/ခ၊ သုမာလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဦးကျော်မင်း[၉/ကဆန(နိုင်)၀၀၅၈၁၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်မင်း(ခင်ပွန်း)သည် (၆-၅-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်မိုးမိုးခိုင်[၉/သစန(နိုင်)၀၉၃၁၁၉]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားတရားဝင် ဇနီးမရှိကြောင်း၊ ၎င်းကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရ တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၁၆ခုနှစ်တွင် ဦးကျော်မင်းမှ အငှားစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းနှင့် ပတ်သက်၍ အီးဒွေ့ကိုမြန်မာလီမိတက်(EML)သို့ အငှားစာချုပ်အမှတ်-၈၂၁/၂၀၁၇ (၃၀-၃-၂၀၁၇) ဖြင့် (၂၇-၄-၂၀၁၅)ရက်နေ့မှ (၁၅)နှစ်တိတိ အငှားချထားပါကြောင်း အဆိုပါမြေကွက်အတွင်းမှ (၂၅'x ၆၀') အပေါ်တွင် ကုမ္ပဏီမှ တာဝါတိုင် တည်ဆောက်ထားရှိပြီး ယခုပိုင်ဆိုင်မြေပုံကူးခြင်းအား ကုမ္ပဏီမှသိရှိသဘောတူညီကြောင်း၊ ကုမ္ပဏီကိုယ်စား ဦးဇော်ဇော်အောင် [၆/ပလန (နိုင်) ၀၅၇၈၄၇]မှ ဒေါ်မိုးမိုးခိုင်နှင့်အတူ (၂၅-၄-၂၀၂၄)ရက်စွဲပါ ဝင်စာဖြင့် ရှင်းလင်းတင်ပြ၍ အငှားစာချုပ်ပူးတွဲ တင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရေပေးရေးလုပ်ငန်းများအတွက် ရေပိုက်နှင့်ဆက်စပ်ပစ္စည်းများ၊ ရေပုပ်စုပ်ယာဉ်(၁)စီးနှင့် ဒီဇယ်အင်ဂျင် 60KVA မီးစက်(၁)လုံးတို့အတွက် ဝယ်ယူဝန်ဆောင်မှုများကို သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည် -

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်၊ နေရာ - ၁၄-၅-၂၀၂၄ရက်နေ့ နံနက်(၀၉:၃၀)နာရီ သက်ဆိုင်ရာ ပြည်နယ်/မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၈-၅-၂၀၂၄ရက်နေ့ ညနေ(၁၆၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အချိန်မီတင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက် အချိန်နှင့်နေရာ - သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၇၀-၂၁၃၂၄၊ ၀၉-၄၃၀၁၀၁၃၈)နှင့် သက်ဆိုင်ရာ မြို့နယ်/ မြို့စည်ပင်သာယာရေးအဖွဲ့ရုံး ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ မြို့နယ်များ၏ လုပ်ငန်း(၉)ခုကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | အဆောက်အဦ | ဈေးဒီဇိုင်းရေးဆွဲခြင်း | ကျောက်ချော | ရေဝေရေး Survey Design & Estimate | မြေထိန်းနံရံ | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | တီးတိန် | - | - | - | ၁ | - | - | ၁ |
| ၂ | တွန်းဇံ | - | - | - | - | - | ၁ | ၁ |
| ၃ | ဖလမ်း | - | ၁ | ၁ | - | - | - | ၂ |
| ၄ | ဟားခါး | ၁ | - | - | - | ၂ | ၂ | ၅ |
| | စုစုပေါင်း | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၉ |

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်၊နေရာ - ၁၄-၅-၂၀၂၄ရက်နေ့ နံနက် ၉:၃၀ နာရီ သက်ဆိုင်ရာ ပြည်နယ်/မြို့နယ်/ မြို့စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၈-၅-၂၀၂၄ ရက်နေ့ ညနေ ၁၆:၀၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အချိန်မီတင်သွင်းခြင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့်နေရာ - သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး (ဖုန်း-၀၇၀-၂၁၃၂၄၊ ၀၉-၄၃၀၁၀၁၃၈)နှင့်သက်ဆိုင်ရာ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံး ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းနွယ်ဦး [၁၄/ဟသတ(နိုင်)၀၃၅၂၉၉] ၏ စက်ခန်းအုပ်လက်မှတ် CED-II 0188/22-23 မှာခရီးသွား ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **PH:09-686141983**

## (၁၀-၅-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ လွှဲအပ်ညွှန်ကြားသူ ဒေါ်တင်မြင့်၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ်(၂၀၅)တိုက်၏ ပထမထပ်(ယာဘက်အခန်း)အား ကန်ထရိုက်တာ ဦးမြင့်လွင်ထံမှ (၁၂-၃-၂၀၂၃)နေ့စွဲဖြင့် ငွေအပြေအကျေပေးချေဝယ်ယူခဲ့ပြီး တစ်ဦးတည်းပိုင်ဖြစ်ကြောင်း (၃၁-၁၀-၂၀၂၃) နေ့စွဲဖြင့် ကြေးမုံသတင်းစာ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။ (၁၀-၅-၂၀၂၄) နေ့စွဲပါ ကြေးမုံသတင်းစာ၌ ကျွန်ုပ်၏မိတ်ဆွေ "ဦးဇင်မင်းသန့်မှ အတင်းဝင်ရောက်ကာ ၎င်း၏ အမည်ပါသည့် ဆိုင်းဘုတ်ကို ချိတ်ဆွဲပြီး ဝင်ရောက်လုပ်ကိုင်နေကြောင်း" ဖော်ပြကြေညာခဲ့ပါသည်။ ဖော်ပြပါ တိုက်ခန်းအား (၁၈-၉-၂၀၂၃) နေ့တွင်မှ ဒေါ်တင်မြင့်က ဝယ်ယူခဲ့ပြီး ကျွန်ုပ်၏ မိတ်ဆွေ ဦးဇင်မင်းသန့်က (၁၂-၃-၂၀၂၃)နေ့ကတည်းက ဦးစွာ ဝယ်ယူသူ လက်ရောက် ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းသန့်ကသာ တစ်ဦးတည်းပိုင်ဆိုင်သူဖြစ်ပြီး (၁၈-၉-၂၀၂၃)နေ့တွင်မှ ဝယ်ယူထားသူဖြစ်သော ဒေါ်တင်မြင့်နှင့် ကန်ထရိုက်တာ ဦးမြင့်လွင်တို့သာ ဝယ်ယူထားပါသည်ဆိုသော ဖော်ပြပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းသန့် အမည်ဖော်ပြ၍ ကြေညာထားသော (၁၀-၅-၂၀၂၄) ရက်စွဲပါ သတင်းစာ ကြေညာချက်အား ယခု ကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-31066498, 09-769147794**

ဥတုရာသီ တောကိုမှီ၏

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၇၂)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ/နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ၂၂-၅-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၆၀၀ နာရီ နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင်လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဂ) ကျုံးနောက်ဘက်(နောက်ပြင်)၊ လမ်း၈၀ အတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

၂။ သို့ဖြစ်ပါ၍မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၈ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ(၁၉-၅-၂၀၂၄) ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည် -

(က) ဦးသက်နိုင်ထွန်း ဖုန်းနံပါတ် ၀၉ - ၄၀၂၀၀၁၀၆၉
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် ၀၉ - ၉၇၀၈၂၃၆၈၈
(ဂ) ဦးစိုးလှမြင့် ဖုန်းနံပါတ် ၀၉ - ၅၁၂၀၅၂၀
(ဃ) ဦးတင်မောင်စိုး ဖုန်းနံပါတ် ၀၉ - ၂၅၀၈၆၂၁၅၈

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်- ၁/ခ (၃-၁၁)၊ ဧရိယာ (၀.၀၉၉ ) ဧက၊ မြေအမျိုးအစား- မြေပိုင်မြေ ( အိမ်ရာမြေ )နှင့် ယင်းမြေပေါ်ရှိ အမှတ် - ၅၆၀၊ ဓမ္မာရုံလမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ရပ်ကွက်ချိ (ခ) ဒေါ်ခင်ထွေးရီ [၁၂/လမန(နိုင်)၀၆၃၂၅၁]က မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိ၍ အဆိုပါမြေနှင့်အိမ်ကို သမီးအရင်းဖြစ်သည့် ဒေါ်စုစုလှိုင် [၁၂/လမန(နိုင်)၁၂၃၃၉၂]အား မေတ္တာဖြင့်အပိုင်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်မည့်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော် — ဦးကျော်မင်းနိုင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၇၆၅) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၇၆၃)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၃၇၅)ရှိ (၂)ခန်းတွဲ (၈)ထပ်၊ ဓာတ်လှေကားပါတိုက်၏ ပဉ္စမထပ်၊ ၆-လွှာ(ခေါင်းရင်းခန်း) ၊ (A)၊(၁၈ပေx ၅၂ပေ)အကျယ်ရှိ တိုက်ခန်းအား ယခုရောင်းချသူ မြေရှင်ဒေါ်ခင်ရွှေ [၁၂/ဥကတ(နိုင်)၀၆၃၄၈၁]က အကျိုးခံစားခွင့်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မြင့်မြတ် [၁၁/ရသတ(နိုင်)၀၇၀၅၇၉]ကဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B (စဉ်-၁၆၇၁၃)** | **ဦးငြိမ်းချမ်းထွေးLL.B (စဉ်-၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |
| **(တရားလွှတ်တော်ရှေ့နေ)** | **( တရားလွှတ်တော်ရှေ့နေ )** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)5/MR (ML/RBE) | RBE အရန်ပစ္စည်း (၁၀၄) မျိုး ဝယ်ယူရန် |
| ၂ | 12(T)6/MR (ML/YUG) | Engine Spare Parts for D.E.L & D.H.L (81) Items ဝယ်ယူရန် |
| ၃ | 12(T)7/MR (ML/YUG) | Spare Parts for Diesel Electric (47) Items ဝယ်ယူရန် |
| ၄ | 12(T)8/MR (ML/YUG) | Spare Parts for (Trans: , Bogie: Cool: Aux: ) (73) Items ဝယ်ယူရန် |
| ၅ | 12(T)9/MR (ML/ISN) | Spare Parts for Auxiliary, Bogie, DAS/M, Boiler, Tin & Copper, Foundry (112) Items ဝယ်ယူရန် |
| ၆ | 12(T)10/MR (ML/ISN) | Spare Parts for DPMS, Traction Motor (57) Items ဝယ်ယူရန် |
| ၇ | 12(T)11/MR (ML/ISN) | Spare Parts for Alco & Jinang Engine (160) Items ဝယ်ယူရန် |
| ၈ | ,12(T)12/MR (ML/ISN) | Spare Parts for CAT Engine (102) Items ဝယ်ယူရန် |
| ၉ | ၃၃/မမ/S&T | (က) Insulation Rail Joint (200) Nos၊ (ခ) Signal Cable (6) items နှင့် (ဂ) 10 SWG Signal Wire (12) Tons ဝယ်ယူရန် |
| ၁၀ | ၃၄/မမ/S&T | မြင်းခြံ-သာစည်-ရွှေညောင်-တောင်ကြီး-ပင်းပက် ရထားလမ်းပိုင်းအတွင်း ရှိ အောက်ဖော်ပြပါဘူတာ (၅) ဘူတာ၏ အချက်ပြနှင့် ဆက်သွယ်ရေး ဆိုင်ရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း **Lot (1)**(က) ကွမ်းခြံရိုး (ခ) သာစည် (ဂ) ဘုရားငါးဆူ(ဃ) ပြည်ညောင် (င) ရေပူ |
| ၁၁ | ၃၅/မမ/S&T | မြင်းခြံ-သာစည်-ရွှေညောင်-တောင်ကြီး-ပင်းပက် ရထားလမ်းပိုင်းအတွင်းရှိ အောက်ဖော်ပြပါဘူတာ (၅) ဘူတာ၏ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း **Lot (2)** (က) မိတ္ထီလာ (ခ) အင်ကြင်းစု (ဂ) ရေချို (ဃ) မလှိုင် (င) ရုံးစင်ကြီး |
| ၁၂ | ၃၆/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** မလွှကုန်းတွင် Depot & Work Shop တည်ဆောက်ခြင်း (၄၄၀' x ၈၈'-၆") RC Pile, RC Column, Steel Box Column, Steel Box Beam, 4 Angle Sheet အမိုး (နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၂ . ၆ . ၂၀၂၄ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၃ . ၅ . ၂၀၂၄) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၉)
မြေကွက်အမှတ်(၁၀၀၄)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊
မြေကွက်အမှတ်(၁၀၀၅)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊
မြေကွက်အမှတ်(၁၀၀၆)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ
ဒေါ်လီလီ(၁၃/တကန(နိုင်)၀၉၇၅၆၅)အမည်ပေါက်နှစ်၆၀ဂရန်မြေကွက်(၃)ကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား SP-25085/25086/25087-2023 နှင့်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးလှခင်မောင်(၁၂/ဗဟန(နိုင်)၀၇၀၇၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေကရောင်းဖိုးငွေအနက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.Lတရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-၄၊ ဦးပိုင်အမှတ် (၇၀-က)၊၁၀၂x၁၀၃ကြား၊၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွဲ့ရတနာအောင်[၅/တမန(နိုင်)၀၆၇၄၈၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၈၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာ[၁/မညန(နိုင်)၀၀၀၄၇၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက် ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက်အမှတ်(G)၊ အခန်းအမှတ်(၂၀၄)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးမြင့်ထွန်း[၁၃/ဖခန(နိုင်)၀၃၈၆၅၇] ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးရဲနောင် [၁၂/သကတ(နိုင်)၁၆၆၀၀၃]က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၅)လမ်း၊ အမှတ်(၁၉၃/၁)ဒုတိယထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၂'x၅၀')ရှိ အခန်းအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဖြစ်သည့် ဒေါ်ခင်ဆွေဦး [၁၀/သထန(နိုင်)၁၃၀၁၆၂]ထံမှ ကျွန်ုပ်က ဝယ်ယူရန်အတွက် အခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်း**
**[၇/နတလ(နိုင်)၀၀၉၈၈၀]**
**Ph:09-420148962**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဇရာ(၁၁)လမ်း၊ မြေကွက်အမှတ်(၁၁၁ ၁/၂)၊ မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးထွန်းရင် (CG-၀၃၂၄၅၀)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဖခင် ဦးထွန်းရင်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၄င်း၏သားသမီးများဖြစ်ကြသော ၁။ ဦးကျော်ထင် (၃/ဘအန(နိုင်) ၂၂၀၁၅၃)၊ ၂။ ဒေါ်သိန်းသိန်းရီ (၇/တငန(နိုင်)၀၀၈၁၂၉)၊ ၃။ ဒေါ်ညိုညိုမြာ ( MGDN-၀၆၂၁၇၅)၊ ၄။ ဦးခင်ဇော် (၁၂/ဗတထ(နိုင်)၀၁၅၂၈၅)တို့ထံမှ ယခုရောင်းချသူ ဒေါ်အိသိင်္ဂီတိုး (၁၂/ရပသ(နိုင်)၀၈၆၀၆၂)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်" များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန် အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

---

## ရဟန်းအမ၊ ကျောင်းအမကြီး
## ဒေါ်ခင်ဝင်း

**အထပြဆရာမ(ငြိမ်း)(မြစ်သား အထက/မြစ်ငယ် အထက/ပုသိမ်ကြီး အထက/ အထက(၆)ပုသိမ်/အထက(၂)မြိတ်မြို့/အထက(၁၇)မန္တလေး)**

**အသက်(၈၄)နှစ်**

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ရွာနေ(ဦးလှမောင်–ဒေါ်အေးပွင့်)တို့၏သမီးကြီး၊ မန္တလေးနန်းရှေ့နေ(ဒေါ်သီသီ)၊ ဦးခင်မောင်အေး၊ ဒေါ်ခင်ဆွေရီ၊ ဒေါ်ခင်မာကြည်၊ ဒေါ်ခင်ညွန့်ရီတို့၏ အစ်မကြီး၊ ဦးသူရအောင်–ဒေါ်ဝင်းမမ၊ ဦးဇော်လင်းထွန်း–ဒေါ်နီလာအောင်(စင်ကာပူ)၊ ဦးရဲလင်းနိုင်–ဒေါ်နွယ်ဝါအောင် တို့၏မိခင်၊ မြေး ငါးယောက် တို့၏ အဘွား၊ မန္တလေးမြို့၊ ၆၆(အေ)x၄၃လမ်း၊ ၈/၈–၆၈၊ မဟာမြိုင်(၁)နေ ဦးအောင်စိုး(ဒုမှူးကြီး/ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ပုသိမ်ကြီးမြို့၊ ရန်ကင်းတောင် ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ မေတ္တာပါရမီကျောင်းအမကြီး ဒေါ်ခင်ဝင်းသည် ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ ၁၁–၅–၂၀၂၄(စနေနေ့)နံနက် ၉:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း ရပ်ဝေး/ရပ်နီးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကာယကံရှင်၏ဆန္ဒအရ ကြွင်းကျန်ရစ်သောခန္ဓာကိုယ်ကို မန္တလေးဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနသို့ ၂၀၂၄ ခုနှစ်၊ မေလ(၁၃)ရက်နေ့၊ တနင်္လာနေ့တွင် ပေးလှူပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ မြေကွက်အမှတ်(၁၃)၊ မြေအကျယ်အဝန်း(၂၁ပေ×၅၀ပေ)ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၄ ၁/၂)ထပ်တိုက်အဆောက်အဦးမှ မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေ×၅၄ပေ)ရှိတိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အမိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားအားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ ဦးသန်း (BTHG - ၀၁၂၂၅၃) ထံမှ ယခုရောင်းချသူ ဒေါ်ခင်ပြည့်စုံ (၅/တဆန(နိုင်)၁၆၁၂၆၈) သည် "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

---

## တိုက်ခန်းအရောင်းအဝယ်ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ်(၁၉–ဒီ)၊ (၇)လွှာ၊ အကျယ်အဝန်း(၁၂ ၁/၂ ပေxပေ၆၀) ရှိ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသော ဒေါ်စန္ဒာဝင်း [၁၂/ရပသ(နိုင်)၀၄၃၇၁၅]၊ အမှတ်(၁၂/အေ)၊ (၈)လွှာ၊ (၅၅)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် နေသူအား အပြီးအပိုင်ရောင်းချရန်အတွက် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းတန်ဖိုးငွေ အကျေအပြေပေးချေလက်ရောက်ရယူအပြီးသတ်စာချုပ် ချုပ်ဆိုသွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစိန်မြင့် (စဉ်–၁၀၉၁၆)** — **ဦးညီလင်းဖေ (စဉ်–၃၅၃၂၆)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၇၄၀၆**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၅၈၆/ခ)ဟုခေါ်တွင်သော ဒေါ်အေးအေးသိန်း အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် (၂၀x၆၀)ပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လက်စ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ရွှေ [၆/ထဝန(နိုင်) ၀၂၁၅၇၁] မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းဟေမာ [၇/တငန(နိုင်) ၁၁၂၂၁၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ –** **ဒေါ်နန်းဟေမာ**

**ညွှန်ကြားချက်အရ –** **ဒေါ်ခင်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ က/၆ လမ်း၊ အိမ်အမှတ်(၁၃၂)၊ မြေတိုင်းရပ်ကွက်အမှတ်–မြို့သစ်(က)၊ မြေကွက်အမှတ်(၅၅၆/ခ) ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၀.၀၂၆၈)ဧကရှိ ဒေါ်မြင့်မြင့်ခင်[၁၂/အစန(နိုင်)၀၁၈၈၄၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်ခွဲ အုတ်ညှပ်တိုက်အပြင် သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်များအား ဦးအောင်ကိုသက်[၁၂/ကတန(နိုင်)၀၈၁၃၃၈]နှင့် ဒေါ်အေးအေးကြည်အချန်(ခ) လျှူမာန်ချန် [၁၂/အစန(နိုင်)၀၀၀၁၁၆]ကိုင်ဆောင်သူတို့မှ ၎င်းတို့သည်သာပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးအောင်စည်ဖြိုး [၇/ပမန(နိုင်)၁၄၀၃၁၀]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်စည်ဖြိုး [၇/ပမန(နိုင်)၁၄၀၃၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝါဝါနွယ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၆၈၁)**

**ဒေါ်မို့မို့နှင်း (LL.B, DBL)** — **အထက်တန်းရှေ့နေ(စဉ်–၄၇၅၅၀)**

**ဖုန်း–၀၉–၄၀၀၄၀၆၈၈၆၊ ၀၉–၇၉၂၆၀၀၀၀၅၊ ၀၉–၄၂၁၇၄၂၈၅၈**

**အမှတ်(၁၃၈)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ ဂျိုးဖြူလမ်း၊ မြေကွက်အမှတ် (၇၃၇)ဟု ခေါ်တွင်သော ဦးသာအောင်(ခ)သာဒင် အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ မြေအကျယ် (၄၀x၆၀)ပေ၊ ဧရိယာ (၀. ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စောတင်ဝင်း [၁၂/ရကန(နိုင်)၀၃၆၅၅၆]မှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဝင်း [၁၁/စတန(နိုင်)၀၆၂၆၃၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင်ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–** **ဦးသန်းထွန်းဝင်း**

**ညွှန်ကြားချက်အရ –** **ဒေါ်ခင်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**

**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၆–အေ)၊လူနေရပ်ကွက်အမှတ်–(S–၃၂)၊ မြေကွက်အမှတ်–(V–၁၂၉)ဟု ခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်–(၆၇)၊ မြေညီထပ်(B)၊ ခြေရင်းဘက်(အခြမ်း)၊ အကျယ်အဝန်း(အလျား၁၅ပေxအနံ၆၀ပေ)ရှိတိုက်ခန်းနှင့် ရေ၊ မီးမီတာ(၁)လုံး၊ ရေမော်တာ(၁)လုံး၊ စွဲကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်စွဲ့ခမ်းနွယ်[၁/ပတအ(နိုင်)၀၂၆၆၄၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းညွှန့် [၁၂/ ကမတ(နိုင်)၀၁၈၀၂၈]နှင့် ဒေါ်ခင်စောနိုင်[၁၂/ဒဂန(နိုင်)၀၂၀၇၈၉]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းညွှန့်နှင့်ဒေါ်ခင်စောနိုင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)**

**ဒေါ်အိအိနိုင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၄၉၂၇၃ )**

**အမှတ်–(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

---

## ပျောက်ဆုံးကြောင်း

အမှတ်(၅၆/၅၇)၊ လှိုင်ရတနာမွန်၊ (၆)လမ်း၊ (၁၂)လှိုင်မြို့နယ်နေ ဒေါ်ခိုင်ခိုင်ဦး [၁၂/ကတတ(နိုင်) ၀၀၄၆၇၈]ပိုင် (OB–251) လိုင်စင်အပိုင်း (1+2) တို့မှာ လုပ်ငန်းခွင်တွင် ပျောက်ဆုံးသွားသည်။

**09–778786070**

---

**DREAM**

**ဆိုဖာပြုပြင်ရေး**

ဆိုဖာဆက်တီဒီဇိုင်းမျိုးစုံကို အိမ်တိုင်ရာရောက် ပြုပြင်ပေးပါသည်။

**ဖုန်း–09–5060996**

---

## ကွန်ဒိုတိုက်ခန်းဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေကွက်အမှတ်–(၁၂–ခ)၊ သစ္စာလမ်းမကြီး(ကံဘဲ့လမ်း)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် ROYAL THITSAR CONDO ၏ Level–9၊ အခန်းအမှတ်–(၉–C)၊အကျယ်အဝန်း (GFA–1024 sqft) ရှိ Fully Decorated ပြင်ဆင်ထားပြီး အခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (ရောင်းချပိုင်ခွင့်ရှိသူ)၊ i GREEN Development & Engineering Group Co.,Ltd ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးနိုင်မျိုးထက်[၉/အမဇ(နိုင်)၀၂၈၂၄၆]က (၄–၄–၂၀၂၄)ရက်နေ့တွင် အပြီးသတ်ငွေပေးချေခြင်း ကတိစာချုပ် ချုပ်ဆိုကာ တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မျိုးထက် ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)**

**ဒေါ်စုထွေးလတ်(LL.B,LL.M,D.B.L)** — **အထက်တန်းရှေ့နေ (စဉ်–၅၂၈၉၆)**

**အမှတ်–(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၄၈/ဘီ)၊ (၂၅x၅၀)အကျယ်အဝန်းတွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅ထပ်တိုက်) ပထမထပ် (၂လွှာ) (၁၂ပေခွဲx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ပတ်သက်ဆက်သွယ်နေသော ရေ၊ မီး၊ မီလ္လာ၊ လျှပ်စစ် ပစ္စည်းများ လျှပ်စစ်မီတာနှင့် ယင်းတိုက်ခန်းပေါ်ရှိ အခြားအသေစွဲကပ်ထားသည့်အရာများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးကို ဒေါ်စုမြတ်စန္ဒာ မှတ်ပုံတင်အမှတ် [၃/တကရ(နိုင်)၁၆၈၃၇၅]မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကမ်းလှမ်းရာ ကမ်းလှမ်းမှုကိုလက်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာဝင်း မှတ်ပုံတင်အမှတ် [၁၂/ဒဂဆ(နိုင်)၀၀၃၁၄၃]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း၊ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့အနေဖြင့် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကြည်ဝင်း**

**အထက်တန်းရှေ့နေ (စဉ်–၉၅၉၆)**

**အခန်း(၀၀၃)၊ တိုက်(၂)၊ (၉)လမ်း၊ အေဘဘောက်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်။**

---

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အလယ်ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ တိုက်ခန်းအမှတ် (B–766)၊ အကျယ်အဝန်း ( ၁၅ x ၄၅ )ပေရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဦးလှမြင့်သည် (၂၅–၂–၂၀၁၁)ရက်စွဲပါ နှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်ဖြင့် တော်ဝင်မိသားစုကုမ္ပဏီလီမိတက်ထံမှ ဝယ်ယူ၍ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ ဦးလှမြင့်[၁၂/လမန(နိုင်)၀၉၂၅၅၇]သည် (၂၇–၄–၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်ရီမှ အမွေဆက်ခံ ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဦးလှမြင့်နှင့် တော်ဝင်မိသားစုကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုထားသော (၂၅–၂–၂၀၁၁)ရက်စွဲပါ စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တော်ဝင်မိသားစုကုမ္ပဏီလီမိတက်သို့ အရောင်းအဝယ်စာချုပ်မိတ္တူမှန်အား ဦးလှမြင့်၏ဇနီးဖြစ်သူ ဒေါ်ခင်ရီမှ ပြန်လည်လျှောက်ထားမည်ဖြစ်ပြီး ဖော်ပြပါ တိုက်ခန်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဒေါ်ခင်ရီ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ ထို့သို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရီမှ အမည်ပြောင်းလျှောက်ထားခြင်းနှင့် အရောင်းအဝယ်စာချုပ်မိတ္တူမှန်ပြန်လည်လျှောက်ထားခြင်းတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်ထံသို့ဖြစ်စေ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ရက်ပေါင်း(၃၀)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက အထက်ပါကိစ္စရပ်များအား တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ –** **ဒေါ်ခင်ရီ**

**ညွှန်ကြားချက်အရ –** **ဒေါ်ခင်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**

**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

## ဒေါ်တင်တင်အုန်း

**အ.ထ.ပြ(ငြိမ်း)၊ အ.ထ.က(၂)တောင်တွင်းကြီးမြို့**

**အသက်(၈၉)နှစ်**

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ ရွှေကြာအင်း(၁) လမ်း၊ အမှတ်(၂၅၂)နေ ဦးတိုးလှိုင်(အ.ထ.ပြ-ငြိမ်း၊ အ.ထ.က-၁)၏ဇနီး၊ ဒေါ်ခင်သီနွယ်(Golden Rock Group of Companies)၊ ဒေါ်ခင်သူဇာ၊ ဒေါ်ခင်ဖြူမာတို့၏ကျေးဇူးရှင်မွေးမိခင်ကြီးသည် ၁၂-၅-၂၀၂၄(တနင်္ဂနွေနေ့) ညနေ ၅:၅၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၄-၅-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်-၄၆၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်းအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနွယ်

**အသက်(၈၈)နှစ်**

(ဦးဘမောင်-ဒေါ်အေးသီ)တို့၏သမီး၊ (ဦးစိန်ဝင်း)၏ဇနီး၊ ဦးကျော်စွာဝင်း-ဒေါ်မေမျိုးကြည်၊ မောင်နိုင်မိုးဝင်းတို့၏မိခင်၊ မောင်ကျော်ဇင်၏အဘွား ဒေါ်ခင်သန်းနွယ်သည် ၁၂-၅-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှတ်-၁၆၊ ၃လွှာ၊ ကွက်သစ်လမ်း၊ ပုဇွန်တောင်မြို့နယ် နေအိမ်မှကားများ နံနက်၈ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်တရားနာကို ၁၈-၅-၂၀၂၄(စနေနေ့)နံနက် ၇ နာရီမှ ၉ နာရီအထိ ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီ(စစ်တွေ)

**အလပြ၊ အိုးတန်း**

**အသက်(၆၁)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ (ဦးမောင်ထွန်းမြ-ဒေါ်တင်တင်)တို့၏ သမီး၊ ဦးဝင်းမောင် (ပြည်နယ်သစ်တော၊ ရုံးအုပ်-ငြိမ်း)၏ ဇနီး၊ [ဒေါ်ငွေကျော့(သူနာပြုလက်ထောက်ညွှန်ကြားရေးမှူး)]၊ ဒေါ်ရွှေမိုး(အလပြ-ငြိမ်း)၊ (ဒေါ်မသိန်းသိန်း)တို့၏ညီမ၊ ဒေါ်မြသိန်းနု(အလပြ)၊ ဦးရွှေလှိုင်တို့၏အစ်မ၊ မမြတ်မြတ်သွယ်၏ကျေးဇူးရှင်မိခင်၊ မငြိမ်းထက်ဝေ၊ မောင်ကျော်ကျော်စိုး၊ မောင်ဉာဏ်ဝင်းထွဋ်တို့၏အဒေါ်သည် ၁၂-၅-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၁:၅၅ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၄(အင်္ဂါနေ့)မွန်းလွဲတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြ-၄လမ်း၊ အမှတ်-၁၄၄၊ ၄-လွှာနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၉၈-ပဲမှီကုန်း၊မြေကွက်အမှတ် ၇၉/စ-၁၊ဧရိယာ(၁၁.၁၂၅)ဧက၊မြေကွက်တည်နေရာအမှတ်(၇၂)၊ပဥ္စူလမ်း၊စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်၊A ဘဂေါင်းအမည်ပေါက်၊Bမြေပိုင်မြေ၊လ/န-၃၉(အိမ်ယာမြေသတ်မှတ်)မြေအားရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၊၂၀၁၇ခုနှစ်၊တရားမကြီးမှုအမှတ်-၃၆၀၏(၂၂-၁-၂၀၁၈)ရက်စွဲပါ တရားရုံးစီရင်ချက်နှင့်ဒီဂရီ၊၂၀၁၈ခုနှစ်တရားမဇာရီမှုအမှတ်-၂၆၏(၂၉-၄-၂၀၂၂)အမိန့်၊အရောင်းအဝယ်စာချုပ်အမှတ်-၅၈၉၈/၂၀၂၃(၂၂-၈-၂၀၂၃)တို့အရတရားဝင်မခွဲစိတ်ရသေးသောဧရိယာ(၀.၂၅)ဧကခန့်အကျယ်အဝန်းရှိမြေကွက်အားပိုင်ဆိုင်သူဦးသန်းအောင်(၁၂/ကမတ(နိုင်)၀၀၀၄၅၁)မှ တရားရုံးအမိန့်များ၊ဖော်ပြပါအရောင်းအဝယ်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍တစ်ဖတ်သတ်မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ မြေကွက်အမှတ်(၁၁၀၄) ဟုခေါ်တွင်သော မြေအလျားx အနံ(၄၀x၆၀)ပေရှိ စလစ်မြေကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်အေး (ခ) ဦးအေးထွန်းအောင် (KPU ၀၁၃၈၅၈)ထံမှ (၁၁-၅-၁၉၉၇) ရက်စွဲပါ "မြေကွက်အရောင်းအဝယ်သဘောတူစာချုပ်"ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းတင် [၁၁/တကန(နိုင်)၀၃၇၈၂၃]မှ အပြီးအပိုင်ဝယ်ယူကာ မြေကွက်အပါအဝင် စလစ်နှင့် စာချုပ်စာတမ်းမူရင်းများအား လက်ရောက်ရရှိ ပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ် အိမ်ငှားများငှားထားသည်ဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းတင် တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့် ရှိသူဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုး ခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်မျိုးသန့် B.A (Eco), H.G.P, D.B.L**

**အထက်တန်းရှေ့နေ (စဉ်-၁၀၈၇၉/၁၄-၂-၁၉၈၅)**

**အမှတ်(၉၅၅/က)၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊**

**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၉၉၅၈၂၇၉၇**

## ဒေါ်ခင်လှကြည်

**(ငြိမ်း/အထက-၁၊ အင်းစိန်)**

**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာလမ်းနေ(ဦးညို-ဒေါ်တင်တင်ညို)တို့၏သမီး၊ (ဦးတင်လှ-ငြိမ်း/စက်မှုသိပ္ပံအင်းစိန်)၏ချစ်လှစွာသောဇနီး၊ ဦးနေထွန်း-ဒေါ်ဝင့်ဝင့်တင်လှတို့၏မိခင်ဖြစ်သူ ဒေါ်ခင်လှကြည်သည် ၁၀-၅-၂၀၂၄ (သောကြာနေ့) ည ၁၀:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၅-၂၀၂၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၄ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၁၄၅-စီ)၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးအေးကျော်

**(ဒုအထွေထွေမန်နေဂျာ-ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်း၊ အမှတ်(၆/၈)နေ ဒေါ်လှလှ၏ခင်ပွန်း၊ (မညိုညိုအေး)၊ (မဖြူဖြူအေး)၊ မောင်သီဟ-မဟေမာန်နှင်း၊ (မောင်သူရ)တို့၏ဖခင်ဖြစ်သူ ဦးအေးကျော်သည် ၁၂-၅-၂၀၂၄ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၄-၅-၂၀၂၄( အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်စိုး

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ် ၊ သူရ(၄)လမ်း၊ အမှတ်(၁၅၀)နေ ဦးကြည်ဂွမ်-ဒေါ်မြင့်သိန်း(ထားဝယ်မြို့)တို့၏သားကြီး၊ (ဦးတင်သိန်း-ဒေါ်မြမြအေး) T.M ခေတ်ပုံဘောင်လုပ်ငန်းတို့၏သားသမက်၊ ဒေါ်သူဇာသိန်း၏ခင်ပွန်း၊ မရှုမငြီးမောင် (လော့စ် အဲန် ဂျလိစ် မြို့ အမေရိကန်ပြည်ထောင်စု)၏ ဖခင်၊ ဒေါ်စုစုကြည်၊ ဒေါ်ယုယုကြည်တို့၏ အစ်ကိုကြီးသည် ၁၃-၅-၂၀၂၄(တနင်္လာနေ့)နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၅-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ဘိုးရာဇ(၃)လမ်း၊ မြေကွက်အမှတ်(၉၅၇)၊ မြေဧရိယာ(၄၀x ၆၀)ပေရှိ မြေငှားဂရန်စာချုပ်အမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေငှားဂရန်စာချုပ်အမည်ပေါက် ဒေါက်တာခင်မာထွန်း [၁၂/တမန(နိုင်) ၀၄၈၁၃၃]အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ဖော်ပြပါအိမ်ခြံမြေအား အထူးကိုယ်စားလှယ်လွှဲစာ လက်ခံရရှိသူ ဦးရဲနောင်(ဘ)ဦးသောင်း [၁၂/ဥကတ(နိုင်) ၁၁၉၅၂၁]မှ အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်မိမိရွှေ [၁၂/ရကန(နိုင်)၀၅၅၅၇၁]၊ (၂)ဒေါ်မိုးမိုးရွှေ [၁၂/ရကန(နိုင်)၀၃၈၈၈၂]၊ (၃)ဒေါ်တိုးမာရွှေ [၇/ ဖမန(နိုင်)၀၀၃၇၅၄]၊ (၄)ဒေါ်စိုးမာရွှေ [၁၂/ ရကန(နိုင်) ၀၃၈၈၅၈] တို့မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန္ဒာဝင်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၃၉)**

**အမှတ်(၁၂/၂၈၃)၊ ဗညားဦးလမ်း၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၂၄၁၀၂၃၀၊ ၀၉-၇၄၀၈၈၆၉၇၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးခင်မောင်ဝင်း(GEOLOGIST)

**ရန်ကင်း**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ တိုက်(၂၁၃)၊ အခန်း(၂၀)နေ (ဦးသွင်-ဒေါ်ခင်မြရင်)တို့၏ သားကြီး၊ ဦးတင်မောင်ဝင်း(MAC ပန်းချီနည်းပြ)၊ ဒေါ်ခင်စိုးဝင်း(လယ်/ပြ-ငြိမ်း)၊ ဒေါ်ခင်စန်းဝင်း(လက်/ညွှန်စိုက်/မွေး/ဆည် ဝန်ကြီးရုံး)၊ ဒေါ်ခင်တင်ဝင်း(လက်/ညွှန်-ငြိမ်း၊ နတလ)၊ ဦးဝင်းအောင်ဇော် ('ဘပု' လေးညှင်းပရုတ်ဆီလုပ်ငန်းနှင့် 'ဝင်း' စားသောက်ကုန်လုပ်ငန်း) - ဒေါ်တင်နွယ်လင်း (လေယာဉ်မယ်/ငြိမ်း)၊ ဦးဝင်းအောင်ကျော် (ထူးချွန်ပညာရေး၊ မန္တလေး)-ဒေါ်တင်နုနုမိုး(လ/ထ ကထိက၊ တိုင်းရင်းဆေးတက္ကသိုလ်)တို့၏ အစ်ကိုကြီး၊ မောင်အောင်ခန့်ဇော်(Content Creator)၏ချစ်လှစွာသော ဖခင်၊ မနေခြည်လင်းလက်၊ မသော်တာလင်းလက်တို့၏ ဘကြီးသည် ၁၀-၅-၂၀၂၄ (သောကြာနေ့) နံနက် ၁၁:၅၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂-၅-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [နာရေးကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးကြပါသော ပရဟိတအသင်းများနှင့် ကနောင်ပရဟိတအဖွဲ့ဝင်များ၊ အခြားသောကူညီဆောင်ရွက်ပေးကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နွဲ့နွဲ့ကြည်(ခ)မဖြူမ

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ၃/ခ ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၆၆)နေ(ဗိုလ်ကြီးမောင်မောင်) (ငြိမ်း)-ဒေါ်ရင်ဖြူ တို့၏ ချစ်သမီးလတ်၊ ဦးခင်မောင်ရီ-ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ကျော်စိုး-ဒေါ်နွဲ့နွဲ့ရီ၊ ဦးခင်မောင်ကြည်-ဒေါ်ရီရီတင်တို့၏ ညီမ၊ ဦးရဲဝင်း-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးကျော်မိုးထွန်း-ဒေါ်သင်းသင်းထွေး တို့၏အစ်မ၊ (ဦးဝင်းနိုင်) ၏ဇနီး၊ မောင်ကျော်ဇင်လင်းထက်၊ မောင်ဝေဖြိုးပိုင် တို့၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်နွဲ့နွဲ့ကြည်(ခ)မဖြူမ သည် ၁၃-၅-၂၀၂၄ ရက် (တနင်္လာနေ့) ညနေ ၅:၂၆ မိနစ်အချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား အသိပေးအပ်ပါသည်။

**(သင်္ဂြိုဟ်မည့်ရက်ကိုထပ်မံကြေညာပါမည်။)**

**ကျန်ရစ်သူမိသားစု**

**နေရောင်**

**အောက်က**

**သက်ရှိတွေကို**

**စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို**

**ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ်-၁၁၆၈ ၊ ၅လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း( ၁၅ပေx ၅၀ပေ )ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်အေးဆယ်[ ၁၂/ဒဂတ(နိုင်)၀၁၈၆၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ် ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးအောင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၄၆)**

**အမှတ်( ၅၅ )၊ အခန်း( ၅ )၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၅၀၆၁၀၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ အမှတ် (၀/၁၀၉) ဟုခေါ်တွင်သော ကွင်း/အကွက်အမှတ်နှင့်အမည် -၂၅/ဗိုလ်ချုပ်ရေနံစက်၊ ဦးပိုင်အမှတ်-က/၂၅၊ မြေကွက်အမှတ်-(၀/၁၀၉)၊ ဧရိယာ-(၀.၀၅၃) ဧကရှိ ဒေါ်သီတာ [၁၂/လမန(နိုင်)၁၁၀၅၇၄] အမည်ပေါက် နှစ် (၉၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ထံမှ ယခုရောင်းချသူ ဒေါ်မော်မော်အောင် [၅/ဆလက(နိုင်)၀၄၇၄၈၆] မှ မိမိဝယ်ယူလက်ရောက် ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ဖြစ်သော စရန်ငွေကို (၂၅-၄-၂၀၂၄) ရက်နေ့တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်လေးမွန် ( LL.B ), ( LL.M ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၃၈)**

**ဖုန်း-၀၉-၄၂၁၁၄၈၈၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ပထမထပ်၊ ၂-လွှာ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x၅၀) ပေခန့်ရှိတိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးထွန်းရွှေ [၁၂/စခန (နိုင်) ၀၁၅၅၈၀] အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်မြတ်မော် [၁၂/ပဇတ(နိုင်)၀၃၃၂၂၁]မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဉ်-၁၀၀၆၃)** | **LL.B,DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## MNL Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း ခုနစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်

**နေပြည်တော် မေ ၁၃**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်(၉)ကို မေ ၁၃ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း ခုနစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

**ဆီမီးဖိုင်နယ်အစောဆုံးတက်ရောက်**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ခုနစ်ပွဲဆက်တိုက်အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲတွင် သရေတစ်မှတ်ရရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သော်လည်း အနိုင်သုံးမှတ်ရယူခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂



ရန်ကုန်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ရန် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီး၌ စုဖွဲ့ထားရှိသည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး**

စာမျက်နှာ » ၁၁

**ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၃

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၂ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း နိုင်ပွဲပြန်ရ

နေပြည်တော် မေ ၁၃

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပထမနေ့ကို မေ ၁၃ ရက်က စလင်းကွင်း၌ ကျင်းပရာ မြဝတီအသင်းက YREO အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် လက်ရှိချန်ပီယံ မြဝတီအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ပထမဆုံးနိုင်ပွဲရခဲ့သည်။ ပထမဆုံးပွဲစဉ် ယှဉ်ပြိုင်ရသည့် YREO အသင်းမှာမူ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် အတွေ့အကြုံပိုင်းတွင် မယှဉ်နိုင်ဘဲ အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မြဝတီအသင်းသည် ဖြူဖြူဝင်း၊ လှယဉ်ဝင်း၊ ရှုပါခိုင်၊ ခိုင်သဇင်၊ ဇင်မာထွန်း စသည့် ကစားသမားများဖြင့် ပွဲထွက်လာပြီး ဒေါ်သက်သက်ဝင်းကိုင်တွယ်နေသည့် YREO အသင်းကလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ မြဝတီအသင်းသည် ပွဲအစခြောက်မိနစ်မှာပင် အဖွင့်ဂိုးရခဲ့သလို ပထမပိုင်းမှာပင် သုံးဂိုးအထိ သွင်းယူနိုင်သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၆၊ ၅၈ မိနစ်တွင် ဖြူဖြူဝင်း၊ ၂၀၊ ၃၆၊ ၄၉ မိနစ်တွင် ရှုပါခိုင်တို့က သွင်းယူခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖



မြဝတီအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။